MYANMAR

မဟာဗျူဟာထောက်ပံ့မှုအစီအစဉ်| စာတမ်းအမှတ် ၀၇ ဇန်နဝါရီ၊၂၀၂၁

# မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်လာရေး အတွက် အခွင့်အလမ်းများနှင့် အတား အဆီးများ

## ဒေသအလိုက် စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်ဒေသ စီးပွားရေးအခြေအနေ ကွဲပြားမှုများ

**Ben Belton၊ အေမီချို၊ Mateusz Filipski၊ Joseph Goeb၊ Isabel Lambrecht ၊ David Mather နှင့် မြတ်သီတာဝင်း**

## မာတိကာ


စာတမ်း အကျဉ်းချုပ် .......... 1
၁။ နိဒါန်း .......... 2
၂။ မြေမျက်နှာ ပထဝီအနေအထား၊ သမိုင်းနှင့် ဂေဟာစနစ် အခြေခံသော စိုက်ပျိုးရေး .......... 3
၃။ စစ်တမ်းများနှင့် အချက်အလက်များ .......... 6
၄။ စစ်တမ်းများမှ ရလဒ်များကို ပေါင်းစပ်မှု .......... 9
၄.၁ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ .......... 9
၄.၂ မြေပိုင်ဆိုင်မှုနှင့် မြေယာလုပ်ပိုင်ခွင့် .......... 11
၄.၃. သီးနှံများနှင့် စိုက်ပျိုးနည်းစနစ်များ .......... 14
၄.၃.၁ စပါး .......... 14
၄.၃.၂ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ .......... 17
၄.၃.၃ ပြောင်း .......... 18
၄.၃.၄ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် သီးနှံများ .......... 19
၄.၄ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်မှုရှိသော အလုပ်အကိုင်နှင့် စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများ၏ စီးပွားရေး .......... 21
၄.၅ ဝင်ငွေရရှိမှုအနေအထားနှင့် လုပ်ခများ .......... 23
၅။ ကျေးလက်ဝင်ငွေများ တိုးတက်စေရန် အခွင့်အလမ်းများနှင့် အတားအဆီးများ .......... 26
ကိုးကားချက် .......... 30

## ဇယားများ

ဇယား ၁ စစ်တမ်း အသေးစိတ်၏ အနှစ်ချုပ်.......7
ဇယား ၂ ဒေသအလိုက် ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှု .......9
ဇယား ၃ ဒေသအလိုက် မြေပိုင်ဆိုင်မှုနှင့် လုပ်ကိုင်မှုအခြေအနေ .......12
ဇယား ၄ ဒေသအလိုက် အဓိကသီးနှံများစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ဝင်ငွေ .......15
ဇယား ၅ ဒေသအလိုက်သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ ဖြစ်တည်နေမှု .......21
ဇယား ၆ ရှမ်းပြည်နယ်နှင့် အပူပိုင်းဒေသရှိ သီးနှံစိုက်ပျိုးခြင်းနှင့် သီးနှံစိုက်ပျိုးခြင်း မဟုတ်သောလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေစုစုပေါင်း၏ ပျမ်းမျှကိန်းနှင့်အလယ်ကိန်း (လူတဦးချင်းဝင်ငွေ၏ မြန်မာကျပ်ငွေဖြင့်) 24

## ပုံများ

ပုံ ၁ မြန်မာနိုင်ငံမြေပုံ .......4
ပုံ ၂ စစ်တမ်းကောက်ယူသည့် နေရာများပြ မြေပုံ.......7
ပုံ ၃ အပူပိုင်းဒေသ၏ စစ်တမ်းတွင်ပါဝင်သည့် ဒေသများတွင် ကျောင်းများ၊ လျှပ်စစ်မီးများဆက်သွယ်မှု စုစုပေါင်း (၁၉၁၇ မှ ၂၀၁၇ ထိ) .......11
ပုံ ၄ ၂၀၁၁ နှင့် ၂၀၁၆/၁၇ အတွင်း မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသ၏ တစ်ရွာစီတွင်ရှိသော စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများ ပျမ်းမျှ အရေအတွက်နှင့် ရာခိုင်နှုန်း ပြောင်းလဲမှုတို့ကို လုပ်ငန်းအမျိုးအစားအလိုက် ဖော်ပြခြင်း* .......22
ပုံ ၅ မြစ်ဝကျွန်းပေါ်(၂၀၁၁-၂၀၁၆)၊ အပူပိုင်းဒေသ(၂၀၁၂-၂၀၁၆)နှင့် ရှမ်းပြည်နယ်(၂၀၁၂-၂၀၁၇)တို့တွင် ရှိသော စိုက်ပျိုးရေး ကျဘမ်းလုပ်သားများအတွက် အမှန်တကယ် ပျမ်းမျှနေ့တွက်လုပ်အားခ (ကျပ်ငွေဖြင့်)*25

## စာတမ်း အကျဉ်းချုပ်

ဤစာတမ်းသည် စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်ဒေသစီးပွားရေး၊ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်မှု အလားအလာတို့၏ ဒေသအလိုက်အခြေအနေ ကွာခြားချက်များကို ဆန်းစစ်အကဲဖြတ်ရန် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးဂေဟဗေဒဇုံ တစ်ခုချင်းစီတွင် ဆောင်ရွက်ထားသော အိမ်ထောင်စုနှင့် လူထုစစ်တမ်း (၄)ခုမှ တွေ့ရှိချက်များကို ပေါင်းစပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စပါးသီးနှံမှ လွဲ၍ ကျန်လယ်ယာသီးနှံအားလုံးသည် စီးပွားရေးအတွက် ဦးတည် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး တောင်သူအများစုသည် ဈေးကွက်အတွင်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေပြီး ဖြစ်သည်။

၂။ နံ့စားသီးနှံများအနေဖြင့် အရှေ့တောင်အာရှရှိ အခြားဒေသများထက် စိုက်ပျိုးထုတ်လုပ်မှု အားနည်းပြီး အထွက်နှုန်းနှင့် ဝင်ငွေကွာဟချက် ကြီးမားခြင်းတို့ကို ဖော်ပြလျက်သည်။ သို့သော်လည်း ရာသီဥတု ပြောင်းလဲမှုသည် စီးပွားရေးအရ တွက်ခြေကိုက်သည့် အနေအထားအထိ သွင်းအားစုအသုံးပြုရန်အတွက် အရင်းအနှီးစိုက်ထုတ်မှုကို အတားအဆီးဖြစ်စေပါသည်။ ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို အသုံးပြုကာ အထွက်နှုန်းတိုးပြီး ဝင်ငွေကောင်းမွန်စေသည့် သီးနှံများစိုက်ပျိုးခြင်းကို လုပ်ကွက်ကျယ်သည့် တောင်သူကြီးများကသာ ရရှိခြင်းကလည်း စိုက်ပျိုးမြေခွဲဝေမှု မမျှတခြင်းကို ဖော်ပြလျက်ရှိသည်။ တပိုင်တနိုင် မြေအောက်ရေ အသုံးပြုမှုကို တိုးချဲ့မြှင့်တင်နိုင်ပါက အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် စွန့်စားရမှုများကို လျော့နည်းစေပြီး အကျိုးရှိထိရောက်စွာ စိုက်ပျိုးထုတ်လုပ်စေနိုင်မည် ဖြစ်သည်။

၃။ လုပ်သားအင်အားနှင့် သွင်းအားစုတန်ဖိုး အများအပြားအသုံးပြုရသည့် ငါး၊ ကြက်နှင့် အချို့သော သစ်သီးဝလံများ ကဲ့သို့သော တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးပါသည်။ မြန်မာနိုင်ငံတွင် စီးပွားဖြစ် သီးနှံမျိုးသစ်များကို စိုက်ပျိုးပြီး အချိန်တိုအတွင်း အကျိုးအမြတ်ရရှိသော တောင်သူများ၏ သာဓကပေါင်းများစွာ ရှိပါသည်။ သို့သော်လည်း အမယ်မျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အလားအလာများမှာ ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်ပေါ်တွင် မူတည်လေ့ရှိပြီး စွန့်စားရမှုများ ရှိပါသည်။

၄။ ကျေးလက်နေလူထု၏ အသက်မွေးဝမ်းကျောင်းများမှာ အလွန်ကွဲပြားခြားနားပါသည်။ စစ်တမ်းများအရ မြေပိုင်ဆိုင်မှုနှင့် ဝင်ငွေသည် အပြုသဘော ဆက်စပ်မှုရှိပါသည်။ သို့သော်လည်း ဝင်ငွေတိုးပွားမှု၊ စီးပွားရေးနှင့် လူမှုအဆင့်အတန်း တိုးတက်ပြောင်းလဲမှုတို့သည် စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများအပေါ်တွင် တိုက်ရိုက်ဆက်နွယ်မှု မူတည်နေပါသည်။

၅။ ၂၀၁၁ ခုနှစ်မှစ၍ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းများ လျှင်မြန်စွာ အရှိန်ရလာသဖြင့် ကျေးလက်ဒေသတွင် လုပ်သား ရှားပါးလာပြီး လုပ်အားခများ တိုးမြှင့်လာခဲ့သည်။ ယင်းအခြေအနေက လုပ်အားခအပေါ် မှီခိုနေရသည့် မြေယာပိုင်ဆိုင်မှုနည်းပါးသော အိမ်ထောင်စုများအတွက် အကျိုးဖြစ်ထွန်းစေပါသည်။

၆။ ၂၀၁၁ ခုနှစ်ကတည်းက ကျေးလက်လူမှုအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် ကျေးလက်ဒေသရှိ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ၏ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ခဲ့ပါသည်။ ယင်း

ဆောင်ရွက်ချက်များနှင့်အတူ လူသားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုဖူလုံရေး လုပ်ငန်းစဉ်များ၊ COVID-19 ကဲ့သို့သော ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိရန်အတွက် လူမှုဘဝလုံခြုံမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို တိုးချဲ့လုပ်ဆောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မည်သူမှ နောက်ချန်မကျန်စေရအောင် ထိခိုက်လွယ်သော အုပ်စုများအား ကာကွယ်ပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းပြုသော အခြေအနေသည် ဒေသအလိုက် ပထဝီအနေအထား၊ ရာသီဥတု၊ စိုက်ပျိုးရေးလုပ်နိုင်သည့်အခြေအနေ၊ အခြေခံအဆောက်အအုံရရှိနိုင်မှု၊ အဖွဲ့အစည်းများနှင့် လူမျိုးစုများ အစရှိသည်တို့အပေါ် အခြေခံပြီး ကျယ်ပြန့်စွာ ကွဲပြားလျက်ရှိပါသည်။ ပထဝီဒေသတစ်ခုချင်းစီအလိုက် စီးပွားရေးနှင့် လူမှုဆိုင်ရာဝိသေသလက္ခဏာများ တူညီမှုနှင့် ဖြစ်စဉ်များလည်း များစွာရှိပါသည်။ ၎င်းတို့တွင် ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးမြေနှင့်လုပ်သားများ၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား နိမ့်ပါးခြင်း (World Bank ၂၀၁၆)၊ ဆင်းရဲမွဲတေခြင်း၊ လျှပ်စစ်မီး၊ လမ်းများ၊ ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျေးလက်ချေးငွေရရှိနိုင်မှုစသည့် အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှုများ လျှင်မြန်စွာတိုးတက်နေခြင်း (Belton et al. ၂၀၁၇; Lambrecht and Belton ၂၀၁၈)၊ ကျေးလက်ရှိ စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေနည်းပါးခြင်းနှင့် အမယ်စုံ မထုတ်လုပ်နိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်မှု မြင့်မားခြင်း (World Bankနှင့် LIFT ၂၀၁၆; CHIME ၂၀၁၉)၊ မြေသိမ်းခံရမှုများ၏ နောက်ဆက်တွဲများနှင့် မြေယာလုပ်ပိုင်ခွင့်များနှင့် လက်လှမ်းမီမှုများ နှင့်ပတ်သက်ပြီး မဖြေရှင်း နိုင်သော အခက်အခဲများ ပါဝင်ပါသည်။

ဤကဲ့သို့သော ရှုပ်ထွေးသည့် အခြေအနေကြောင့် နိုင်ငံ၏ ပထဝီဝင်အနေအထားလိုက်ကွဲပြားသော စီမံအုပ်ချုပ်မှုဆိုင်ရာဒေသ တစ်ခုချင်းစီသည် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ အလားအလာများအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းမျိုးစုံတို့ကို ရင်ဆိုင်နေရပါသည်။ ဤစာတမ်းသည် စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်ဒေသစီးပွားရေး၊ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်မှု အလားအလာတို့၏ ဒေသအလိုက် ကွာခြားချက်များကို ဆန်းစစ်အကဲဖြတ်ရန် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးဂေဟဗေဒဇုံ တစ်ခုစီအလိုက် ဆောင်ရွက်ထားသော အိမ်ထောင်စုနှင့် လူထုစစ်တမ်းလေး(၄)ခုမှ တွေ့ရှိချက်များကို ပေါင်းစပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ လေ့လာခဲ့သောဒေသ (၄)ခုမှာ မြစ်ဝကျွန်းပေါ်ဒေသ (ဧရာဝတီနှင့် ရန်ကုန်)၊ အပူပိုင်းဒေသ (မန္တလေး၊ မကွေးနှင့်စစ်ကိုင်း)နှင့် ကမ်းရိုးတန်းဒေသ (မွန်ပြည်နယ်) တို့ဖြစ်ပါသည်။

ဤစာတမ်းကို အောက်ပါအတိုင်းဖွဲ့စည်းတင်ပြထားပါသည်။ နောက်လာမည့်အခန်းတွင် ဒေသကြီး (၄)ခုတွင် တစ်ခုစီ၏ မြေမျက်နှာသွင်ပြင်၊ သမိုင်းကြောင်းနှင့် စိုက်ပျိုးစီးပွားရေးအကြောင်းတို့ကို အကျဉ်းချုပ် တင်ပြမည်ဖြစ်ပါသည်။ တတိယအခန်းတွင် စစ်တမ်း(၄)ခု၏ တင်ပြထားသော အချက်အလက်များ၏ အနှစ်ချုပ်ကို တင်ပြမည်ဖြစ်ပါသည်။ စတုတ္ထအခန်းတွင် ဒေသကြီး(၄)ခု၏ အောက်ဖော်ပြပါအချက်များကို ဆန်းစစ် နှိုင်းယှဉ်မည်ဖြစ်ပါသည် - (၁) လူမှုအခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုများ၊ (၂) မြေပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်များ၊ (၃) သီးနှံများ၊ စိုက်ပျိုးနည်းစနစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ (၄) စိုက်ပျိုးရေးနှင့်ဆက်စပ်သော အခြားအလုပ်များနှင့် ကျေးလက်ဒေသ၏ စိုက်ပျိုးရေးမဟုတ်သော အခြားအလုပ်များ၏ စီးပွားရေးအခြေအနေနှင့်

(၅) ကျေးလက်ဒေသရှိ ဝင်ငွေနှင့် လုပ်ခများ။ ဤစာတမ်း၏ နောက်ဆုံးအခန်းတွင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးနှင့် ဆက်စပ်သော အခြားအလုပ်များ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်နိုင်ရန် အခွင့်အလမ်းများနှင့် ဒေသအလိုက် စိန်ခေါ်မှုများကို ရှာဖွေဖေါ်ထုတ်ပြီး တွေ့ရှိချက်များကို ပေါင်းစည်းကာ မူဝါဒများချမှတ်အကောင်အထည်ဖေါ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံပြုချက်များကို ဆွေးနွေးတင်ပြထားပါသည်။

## ၂။ မြေမျက်နှာ ပထဝီအနေအထား၊ သမိုင်းနှင့် စိုက်ပျိုးရေး ဂေဟာစနစ် အခြေခံသော

မြန်မာနိုင်ငံကို မြောက်ပိုင်းမှ တောင်ပိုင်းထိ အကြီးဆုံးမြစ်တစ်ဆင်း ဖြစ်သည့် ဧရာဝတီမြစ်ဖြင့် ပိုင်းခြားထားပါသည် (ပုံ-၁)။ မိုးရေချိန်နည်းသော အပူပိုင်းဒေသသည် မြစ်၏ အလယ်ကြော ဘေးတလျှောက်တွင်တည်ရှိပြီး မြန်မာနိုင်ငံတွင် ရာစုပေါင်းများစွာ နိုင်ငံအာဏာတည်ခဲ့သော သမိုင်းဝင် အထင်ကရဒေသ ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသည် အပူပိုင်းဒေသနှင့် ကီလိုမီတာပေါင်းများစွာ အကွာတွင် တည်ရှိကာ ကျယ်ပြန့်သော အနိမ့်ပိုင်းနုန်းတင် မြေနုဖြစ်ပြီး မြစ်များ၊ တူးမြောင်းများဖြင့် သွယ်တန်းယှက်ထားပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဗြိတိသျှကိုလိုနီခေတ်က ပြည်ပပို့ကုန် အခြေခံဖြစ်သော ဆန်စပါးစိုက်ပျိုးရေးကို ဆောင်ရွက်နိုင်ရန်  စိုက်ပျိုးရေးကို စတင်လုပ်ကိုင်ခဲ့ပြီး ယနေ့အချိန်ထိ မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် တည်ရှိလျက် ရှိပါသည်။

အပူပိုင်းဒေသမှ မြစ်ဝကျွန်းပေါ် ဒေသတစ်လျှောက်ရှိ မြေနိမ့်ပိုင်း စိုက်ပျိုးမြေများကို အနောက်ဘက်အရပ်တွင် လူဦးရေ ပြန့်ကြဲစွာနေထိုင်သော ချင်းတောင်တန်းများနှင့် ရခိုင်ပြည်နယ်တို့က ဝန်းရံထားပြီး ၎င်းသည် ကမ်းရိုးတန်းလွင်ပြင်အနေဖြင့် တည်ရှိလျက်၊ ရခိုင်ပြည်နယ်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်သွယ်လျက်ရှိကာ မြောက်ဘက် နှင့်အရှေ့ဘက်တွင် ဟိမဝန္တာတောင်တန်း၏ တောင်စွယ်ဖြင့် ဝန်းရံလျက်ရှိပြီး စစ်ကိုင်းတိုင်းမြောက်ပိုင်းမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကိုဖြတ်၍ အောက်ဘက်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်သို့ ရောက်ရှိသွားပါသည်။ တောင်ပေါ်ဒေသများတွင် မတူကွဲပြားသော တိုင်းရင်းသား လူမျိုးစုပေါင်းများစွာ နေထိုင်ကြပြီး ဘာသာစကားပေါင်းများစွာ ကွဲပြားခြားနားပါသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် နယ်စပ်သည် ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် မွန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြင့်ဖြစ်ပြီး  တောင်တန်းများ၊ ကျဉ်းမြောင်းသော ကမ်းရိုးတန်းလွင်ပြင်၊ ကျွန်းများနှင့် မြိတ်ကျွန်းစုတို့ဖြင့် ဖွဲ့စည်းထားပါသည်။

## ပုံ ၁ မြန်မာနိုင်ငံမြေပုံ




အရင်းအမြစ်- စာရေးသူများ

အပူပိုင်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် လုပ်ကိုင်ကြပြီး အဓိက စိုက်ပျိုးသော သီးနှံများသည် ကြီးမားသော ဈေးကွက်ပိုလျှံမှု ရရှိသည်အထိ အထွက်နှုန်း ရရှိကြပါသည် (Belton and Filipski ၂၀၁၉)။ မြန်မာနိုင်ငံ၏ အဓိကတရားဝင် စိုက်ပျိုးမြေ အမျိုးအစားနှစ်မျိုးမှာ ယာမြေနှင့် လယ်မြေဖြစ်ပြီး ၎င်းတို့ကို တရားဝင် စပါးစိုက်ပျိုးသည့် မြေအဖြစ် သတ်မှတ်ကြပါသည်။ ယာမြေသည် အပူပိုင်းဒေသတွင် စုစုပေါင်း စိုက်ပျိုးမြေ၏ သုံးပုံနှစ်ပုံရှိပြီး ကျန်မြေများသည် လယ်မြေများ ဖြစ်ကြသည် (Hein et al. ၂၀၁၇)။ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ (အဓိကအရေးပါသော သီးနှံများမှာ နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ ပဲတီစိမ်း) တို့သည် အပူပိုင်းဒေသတွင် အဓိက စိုက်ပျိုးသော ယာသီးနှံများ ဖြစ်သည်။ လယ်သည် အဓိကအားဖြင့် စပါးစိုက်ပျိုးရန် ဖြစ်ပါသည်။ မိုးစပါးသည် အဓိက သီးနှံ ဖြစ်ပြီး နွေစပါးကို နှစ်ပတ်လည် ရေသွင်း စိုက်ပျိုးနိုင်သော မြို့နယ်အချို့ (ခရိုင်ခွဲများ)တွင် စိုက်ပျိုးကြပါသည်။ အပူပိုင်းဒေသတွင် မိုးသီးနှံ များသည်လည်း မိုးရွာသွန်းမှု ပုံစံမမှန်သောကြောင့် သွင်းရေအပေါ် မှီခိုရပါသည်(Mather et al. ၂၀၁၈)။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့တော် မန္တလေးသည် အပူပိုင်းဒေသတွင်တည်ရှိပြီး အဓိက သီးနှံ ကုန်သွယ်မှုနေရာအဖြစ် တည်ရှိသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ အဓိက ဆိပ်ကမ်းမြို့တော် ရန်ကုန်နှင့် တရုတ်နယ်စပ် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်တို့၏ကြား တူညီသောခန့်မှန်း အကွာအဝေးတွင် ရှိပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးမြေအများစုမှာ လယ်မြေဖြစ်ပြီး စပါးစိုက်ပျိုးရန် အသုံးပြုကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မိုးစပါးသည် နေရာအများစုအတွက် အဓိကသီးနှံဖြစ်ပြီး မိုးစပါးရိတ်သိမ်းပြီးနောက် ခြောက်သွေ့ရာသီ

တွင် လက်ကျန်အစိုဓါတ်ကိုသုံးပြီး မတ်ပဲနှင့် ပဲတီစိမ်းကို စိုက်ပျိုးကြပါသည်။ ရေကြီးနစ်မြုပ် ဒဏ်ခံရသောနေရာများတွင် မိုးနှောင်းစပါးသည် အဓိကသီးနှံဖြစ်ပြီး ရေမြုပ်နေသော စပါးခင်းများမှ ရေကျသွားသောအခါမှ စိုက်ပျိုးနိုင်ပါသည်။ ပဲမျိုးစုံကိုပြည်ပပို့ကုန်အတွက် အဓိက စိုက်ပျိုးကြပါသည်(Okamoto ၂၀၀၈; Boughton et al. ၂၀၁၈)။ အပူပိုင်းဒေသကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း စိုက်ပျိုးရေးကို စီးပွားဖြစ်လုပ်ကိုင်ကြသည်(Cho et al. ၂၀၁၇)။ ထို့အပြင် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်း ငါးဖမ်းလုပ်ငန်းများသည် မြစ်ဝကျွန်းပေါ်ဒေသ၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအတွက် သမိုင်းအစဉ်အလာအရ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်(Tezzo et al. ၂၀၁၈)။ မြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ အရှေ့ဘက်တွင် တည်ရှိသည်။ ၁၉၉၀ ခုနှစ်ဂန်းကျင်ကတည်းက ရန်ကုန်နှင့် နီးကပ်စွာတည်ရှိသော မြစ်ဝကျွန်းပေါ်ဒေသသည် ငါးမွေးမြူရေးလုပ်ငန်းများနှင့် ကြက်မွေးမြူရေးခြံများအတွက် အဓိကနေရာ ဖြစ်လာပါသည် (Belton et al. ၂၀၁၈; Cho et al. ၂၀၂၀)။

မြန်မာနိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်သည့် ရှမ်းပြည်နယ်သည် ကုန်းပြင်မြင့်ပေါ်တွင်တည်ရှိကာ ၎င်းတွင် ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး တောင်တန်းများနှင့် ကျယ်ပြန့်သော ချိုင့်ဝှမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ မုတ်သုံမိုးရာသီမှာ မေလမှ အောက်တိုဘာလထိ ဖြစ်သည်။ အဓိက စိုက်ပျိုးမြေမှာ ယာမြေဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးမြေ၏ ၇၇ ရာခိုင်နှုန်းရှိပါသည်။ ကျန်မြေများမှာ ရေသွင်းစိုက်ပျိုးရသည့် လယ်မြေများဖြစ်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အိမ်ထောင်စုအများစုမှာ အိမ်ခြံဝင်းအတွင်း သီးနှံစိုက်ပျိုးကြပါသည် (Win and Zu ၂၀၁၉)။ အစိုစိုက်ပျိုးသော ရေသွင်းစပါးသည် တောင်ကြားချိုင့်ဝှမ်း အောက်ဘက်ကျသောဒေသများတွင် အဓိကစိုက်ပျိုးသော သီးနှံဖြစ်ပြီး အခြောက်စိုက်သော ယာစပါးကို အဓိကသီးနှံအဖြစ် ကုန်းမြင့်များတွင် စိုက်ပျိုးကြပါသည်။ သို့သော်လည်း ရာသီဥတုအနေအထား ကွဲပြားမှုများစွာရှိသဖြင့် ရရှိသော မိုးရေဖြင့် စားဝတ်နေရေးအတွက် တနိုင်တပိုင်နှင့် ဝင်ငွေရသီးနှံနှစ်မျိုးလုံးကို ကွဲပြားစွာ ရောနှော စိုက်ပျိုးကြပါသည်။ အစေ့ထုတ်ပြောင်းသည် စပါးပြီးလျှင် ရှမ်းပြည်နယ်တွင် ဒုတိယ စိုက်ပျိုးမှု အများဆုံးသီးနှံ ဖြစ်ပါသည်။ ၎င်းကို လျှင်မြန်စွာ တိုးတက်လာသော ပြည်တွင်း တိရိစ္ဆာန်အစာကြိတ်ခွဲမှုများ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန် စိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများကို စားသုံးရန်နှင့် စီးပွားဖြစ် နှစ်မျိုးစလုံးအတွက် ကျယ်ပြန့်စွာ စိုက်ပျိုးကြပြီး အိမ်ထောင်စု အများစုသည် အိမ်ခြံဝင်းအတွင်း ဥယျာဉ်အသေးစားများ ပြုလုပ်စိုက်ပျိုးကြပါသည်။ (Win and Zu ၂၀၁၉)

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စု အမျိုးမျိုးနေထိုင်ကြပါသည်။ အခြားကုန်းမြင့် ဒေသများကဲ့သို့ ရှမ်းပြည်နယ်၏ ဒုတိယကမ္ဘာစစ်အလွန် သမိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးအတွက် တောင်းခံမှုများ၊ မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား နယ်မြေနှင့် သယံဇာတ အရင်းအမြစ်များနှင့် ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများဖြင့် တွေ့မြင်နိုင်ပါသည် (Lintner ၁၉၉၄; South ၂၀၀၈; Woods ၂၀၁၂)။ ၁၉၈၉ နှင့် ၁၉၉၄ အကြား ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်းများစွာသည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော်လည်း ပဋိပက္ခများသည် အခြားနေရာများတွင် ဆက်လက် ဖြစ်ပွားလျက်ရှိပါသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တည်ရှိသော ကမ်းရိုးတန်း ကျဉ်းမြောင်းသည့် ပြည်နယ်တစ်ခုဖြစ်ပြီး လူဦးရေ ၁.၇ သန်းခန့် ရှိပါသည်။ မွန်ပြည်နယ်သည် ကပ္ပလီပင်လယ်အော်တလျှောက် မြောက်မှ တောင်သို့တည်ရှိသော မုတ္တမပင်လယ်ကွေ့၏ ထိပ်တွင် တည်ရှိပြီး ထိုင်းနိုင်ငံနှင့် အရှေ့တောင်ဘက်တွင် နယ်စပ်

အနည်းငယ် ဆက်စပ်လျက်ရှိပါသည်။ အဓိက မြစ်နှစ်စင်းဖြစ်သော စစ်တောင်းနှင့် သံလွင်မြစ်တို့သည် မြန်မာနိုင်ငံ၏ စတုတ္ထအကြီးဆုံးမြို့တော် မော်လမြိုင်မြို့ (လူဦးရေ ၄၄၀,၀၀၀)နှင့် အနီးဆုံးတွင် တည်ရှိသည့် ပြည်နယ်၏အလယ်ရှိ ပင်လယ်ကွေ့ထဲသို့ စီးဆင်းသွားပါသည်။ မွန်ပြည်နယ်၏ မိုးရာသီတွင် မိုးရွာသွန်းမှုပြင်းထန်ပြီး တနှစ်လျှင် မိုးရွာသွန်းမှုသည် ၄ မီတာအထိ ရရှိကာ ၎င်း၏ လေးပုံတစ်ပုံခန့်သည် ဩဂုတ်လတွင် ရွာသွန်းပါသည် (CESD, IFPRI, and MSU ၂၀၁၆)။ ကမ်းရိုးတန်းလွင်ပြင်၏ မြေနိမ့်ပိုင်းကို စပါးစိုက်ပျိုးရန် အဓိက အသုံးပြုကြပြီး တောင်ကုန်းများကို ရော်ဘာနှင့် အပူပိုင်းဒေသသစ်သီးပင်များ စိုက်ပျိုးရန် အသုံးပြုကြပါသည်။ ကမ်းရိုးတန်း တစ်လျှောက် ကျေးရွာများတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းသည် အဓိကကျသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သည်။


မွန်ပြည်နယ်ရှိ အဓိက တိုင်းရင်းသားများမှာ မွန်နှင့် ဗမာ ဖြစ်ပါသည် (CESD, IFPRI, and MSU ၂၀၁၆)။ မွန်ပြည်သစ်ပါတီနှင့် မြန်မာအစိုးရတို့သည် ၁၉၄၉ မှ ၁၉၉၅ ခုနှစ် မတိုင်ခင်ထိ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး အပစ်အခတ် ရပ်စဲရေးကို ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့သည်။ ၎င်းအချိန်မှစပြီး မွန်ပြည်နယ်သည် အတော်အသင့် တည်ငြိမ်အေးချမ်းလျက် ရှိပါသည်(UNHCR ၂၀၁၄)။

## ၃။ စစ်တမ်းများနှင့် အချက်အလက်များ

ဤအခန်းတွင်အသုံးပြုသည့် အဓိက အချက်အလက် အရင်းအမြစ်များကို Michigan State University, the Center for Economic and Social Development, နှင့် နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့အစည်း (IFPRI) တို့က ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်ကြားတွင် ကောက်ယူခဲ့ကြသော အိမ်ထောင်စု စစ်တမ်း ကြီး(၄)ခုမှ ကောက်နုတ်ထားပါသည်။ စစ်တမ်းပြုလုပ်ခဲ့သည့်နေရာများကို ပုံ-၁ တွင် ဖော်ပြထားပါသည်။ စစ်တမ်းတွင်ပါဝင်သည့် အိမ်ထောင်စု တစ်ခုချင်းနှင့် လူထုစစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုနိုင်ရန် သုတေသန မေးခွန်းများဖြင့် ပြင်ဆင်ထားပြီး အကြောင်းအရာ၊ မေးခွန်းတည်ဆောက်ပုံနှင့် စစ်တမ်းကောက်ယူမှုကို တူညီသော ပုံစံဖြင့် ဆောင်ရွက်ထားပါသည်။

စစ်တမ်းများကို အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရယူရန် ပုံဖော်ထားပါသည်။ စစ်တမ်းအားလုံးတွင် အိမ်ထောင်စု လူဦးရေကို အခြေခံသော အချက်အလက်များ (အသက်၊ ကျား-မနှင့် ပညာအရည်အချင်း)၊ ပိုင်ဆိုင်မှု (မြေနှင့် အခြားထုတ်လုပ်မှုနှင့်ဆိုင်သော ပစ္စည်းပိုင်ဆိုင်မှု)၊ ဝင်ငွေတိုးလုပ်ငန်းများ (စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနှင့် ဆက်စပ်သော အလုပ်အကိုင်၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှု၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်မှု) အစရှိသည်တို့ ပါဝင်ပါသည်။ ထပ်မံကောက်ခံခဲ့သည့် အသေးစိတ်အချက်အလက်များသည် စစ်တမ်းတစ်ခုနှင့်တစ်ခုကြားတွင် စီးပွားဖြစ်သီးနှံ ထုတ်လုပ်မှု ကွဲပြားချက်များ အပေါ်မူတည်ပါသည်။ သီးနှံအထူးပြုအပိုင်းတွင် ထုတ်လုပ်မှုသွင်းအားစုများနှင့် မျိုးစေ့များ၏ ပမာဏ၊ ကုန်ကျငွေ၊ လုပ်သားအင်အား၊ စက်ကိရိယာ နှင့်အသုံးပြုသော ခိုင်းကျွဲ/နွားများအကြောင်း၊ သီးနှံ အထွက်နှုန်း၊ ဈေးကွက်အလေ့အထနှင့် ရောင်းချရရှိသည့် ဝင်ငွေတို့ အသေးစိတ် ပါဝင်ပါသည်။ မွန်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရှမ်းပြည်နယ်တို့၌ ပြုလုပ်သည့် စစ်တမ်းတွင် အစားအသောက်နှင့် အစားအသောက် မဟုတ်သည့်အရာများအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။ စစ်တမ်းတစ်ခုစီကို အနှစ်ချုပ်ပြီး ဇယား-၁တွင် ဖော်ပြထားပါသည်။

## ပုံ ၂ စစ်တမ်းကောက်ယူသည့် နေရာများပြ မြေပုံ




အရင်းအမြစ်- စာရေးသူ၏ စုစည်းမှု

## ဇယား ၁ စစ်တမ်း အသေးစိတ်၏ အနှစ်ချုပ်

| အချက်အလက် | မွန် | မြစ်ဝကျွန်းပေါ် | အပူပိုင်းဒေသ | ရှမ်း |
|---|---|---|---|---|
| စစ်တမ်းကောက်ယူသည့်နှစ် | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
| ဒေသနှင့် လူဦးရေ ကိုယ်စားပြုမှု | မွန်ပြည်နယ် ၁၀ မြို့နယ်မှ ကျေးလက်လူဦးရေ | ဧရာဝတီနှင့် ရန်ကုန်ရှိ မြို့နယ်လေးခုမှ ကျေးရွာအုပ်စုလေးဆယ်၏ လူဦးရေ<br>• ကျေးရွာ၂၅ အုပ်စုသည် ငါးကန်ကို အဓိကပြုလုပ်ကြသည်<br>• ကျေးရွာ ၁၅ အုပ်စု မှာ စပါး၊ ပဲကို အဓိက သီးနှံအဖြစ် စိုက်ပျိုးသည် | အပူပိုင်းဇုန်ဂဟေစနစ်ရှိသော မကွေး၊ မန္တလေး၊ စစ်ကိုင်း တိုင်းဒေသကြီးရှိ မြို့နယ်လေးမြို့နယ်မှ ကျေးလက်လူဦးရေ | ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ် ကိုး မြို့နယ်ရှိ ပြောင်း သို့မဟုတ် ပဲဒီစိမ်း စိုက်ပျိုးသော ကျေးရွာအုပ်စု ၉၉ ခုရှိ ကျေးလက်လူဦးရေ |
| အိမ်ထောင်စု နမူနာအရွယ်အစား | ၁,၆၃၂ | ၁,၁၀၂ | ၁,၅၇၈ | ၁,၅၆၂ |
| လူဦးရေး ကိုယ်စားပြုမှု အိမ်ထောင်စု | ၂၇၃,၀၀၀ | ၃၇,၄၀၀ | ၁၆၀,၅၀၀ | ၂၀၁,၃၀၀ |
| လူထုစစ်တမ်း | ၁၀ မြို့နယ်ရှိ ၁၄၃ ရွာ | ၄ မြို့နယ်ရှိ ၇၃ ရွာ | ၁၄ မြို့နယ်ရှိ ရွာ ၃၀၀* | ၁၂ မြို့နယ်ရှိ ၃၂၃ ရွာ* |

| | | | | |
|---|---|---|---|---|
| စစ်တမ်းမေးခွန်းတွင် ပါဝင်သော အခန်းများ | • အိမ်ထောင်စု<br>• အိမ်ထောင်စု လူဦးရေ အကြောင်း<br>• အလုပ်အကိုင်<br>• ရွှေ့ပြောင်းလုပ်ကိုင်ခြင်း<br>• စိုက်ပျိုးရေး<br>• မြေနှင့် ထုတ်လုပ်မှုနှင့်ဆိုင် သောပစ္စည်း<br>• ချေးငွေ<br>• စားသောက်မှု<br>• တုန်လှုပ်ချောက်ချားမှု<br>• သုခချမ်းသာ | • အိမ်ထောင်စု<br>• အိမ်ထောင်စု လူဦးရေ အကြောင်း<br>• အလုပ်အကိုင်<br>• ရွှေ့ပြောင်းလုပ်ကိုင်ခြင်း<br>• စိုက်ပျိုးရေး<br>• စက်မှုလယ်ယာ<br>• မြေနှင့် ထုတ်လုပ်မှုနှင့်ဆိုင် သောပစ္စည်း<br>• ချေးငွေ<br>• စားသောက်မှု | • အိမ်ထောင်စု<br>• အိမ်ထောင်စု လူဦးရေ အကြောင်း<br>• အလုပ်အကိုင်<br>• ရွှေ့ပြောင်းလုပ်ကိုင်ခြင်း<br>• စိုက်ပျိုးရေး<br>• စက်မှုလယ်ယာ<br>• မြေနှင့် ထုတ်လုပ်မှုနှင့်ဆိုင် သောပစ္စည်း<br>• ချေးငွေ | • အိမ်ထောင်စု<br>• အိမ်ထောင်စု လူဦးရေ အကြောင်း<br>• အလုပ်အကိုင်<br>• ရွှေ့ပြောင်းလုပ်ကိုင်ခြင်း<br>• စိုက်ပျိုးရေး<br>• စက်မှုလယ်ယာ<br>• မြေနှင့် ထုတ်လုပ်မှုနှင့်ဆိုင် သောပစ္စည်း<br>• ချေးငွေ<br>• စားသောက်မှု |
| စီးပွားဖြစ်စိုက်ပျိုးသည့် သီးနှံ | • စပါး<br>• ရော်ဘာ<br>• သစ်သီးခြံသီးနှံများ | • ရေလုပ်ငန်း<br>• စပါး<br>• ပဲတီစိမ်း၊ မတ်ပဲ | • စပါး<br>• မြေပဲ<br>• နှမ်း | • ပြောင်း<br>• ပဲစဉ်းငုံ |

အရင်းအမြစ်- စာရေးသူများ၏ စုစည်းမှု

မှတ်ချက်- အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်၏ လူထုစစ်တမ်းများတွင် အိမ်ထောင်စုစစ်တမ်းထက် မြို့နယ်ပိုမိုပါဝင်ပါသည်

အိမ်ထောင်စုစစ်တမ်းအတွက် ကိုယ်စားပြုနမူနာရယူမှု လုပ်ငန်းစဉ်သည် စစ်တမ်းတစ်ခုချင်းစီ၏ ရည်ရွယ်ချက်ပေါ်မူတည်ပြီး ကွဲပြားပါသည်။ မွန်ပြည်နယ်၏ ကိုယ်စားပြုနမူနာသည် ၎င်းပြည်နယ်၏ ကျေးလက်လူဦးရေအားလုံးကို ကိုယ်စားပြုနိုင်ရန် ရယူထားပါသည်။ မြစ်ဝကျွန်းပေါ်ဒေသစစ်တမ်းတွင် ငါး၊ပုစွန်မွေးမြူရေး အဓိကလုပ်ကိုင်သောနေရာများနှင့် ငါး၊ ပုစွန်မွေးမြူရေးအနည်းငယ်ရှိသော သို့မဟုတ် လုံးဝမရှိသောနေရာများရှိ အသက်မွေးဝမ်းကျောင်းများကို နှိုင်းယှဉ်နိုင်ရန် ၎င်းသည် စစ်တမ်းကောက်ယူမည့် ကျေးရွာအုပ်စုရွေးချယ်မှုကို ပုံဖော်ထားပါသည်။ အပူပိုင်းဒေသစစ်တမ်းကို တိုင်းဒေသကြီးတစ်ခုစီရှိ (၄) မြို့နယ်တွင် ကျေးလက်လူဦးရေကို ကိုယ်စားပြုရန် ပုံဖော်ထားပြီး ၎င်းတွင် စိုက်ပျိုးရေးဂေဟစနစ်များ၊ လယ်ယာမြေစနစ်များနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် လက်ရှိဆောင်ရွက်နေသည့် ရေသွင်းစိုက်ပျိုးသည့်စနစ်များကိုပါ ထည့်သွင်းထားပါသည်။ ရှမ်းပြည်နယ်အတွက် စစ်တမ်းကို ပြောင်းနှင့် ပဲစဉ်းငုံ စိုက်ပျိုးပြီး လုံခြုံရေးအခြေအနေအရ စစ်တမ်းသွားရောက် ကောက်ယူရန် ခွင့်ပြုသော ရှမ်းပြည်နယ်တောင်ပိုင်းမှ မြို့နယ် (၉) မြို့နယ်ရှိ ကျေးရွာအုပ်စုများမှ လူဦးရေကို ကိုယ်စားပြုရန် ပုံဖော်ထားပါသည်။ စစ်တမ်းများအားလုံးအတွက် စာရင်းကောက်ယူရန် နယ်မြေများကို ၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်စာရင်း၏ စံနမူနာမူဘောင်ကို အသုံးပြုပြီး ဖြစ်နိုင်ခြေနှင့် အရွယ်အစားကို အချိုးချပြီး ကျဘမ်းရွေးချယ်ခဲ့ကာ စီမံကိန်းဦးစီးဌာန၏ ဝန်ထမ်းများထံမှ အကူအညီ ရယူခဲ့ပါသည်။

စစ်တမ်းတစ်ခုစီ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရပ်ရွာလူထုဆိုင်ရာ မေးခွန်းများသည် အိမ်ထောင်စုစစ်တမ်းမေးခွန်းလွှာများမှ ရရှိသော သတင်းအချက်အလက်များကို ဖြည့်စွက် သိရှိနိုင်ရန် ပုံဖော်ထားပါသည်။ စစ်တမ်းအားလုံးအတွက် ရပ်ရွာလူထုစစ်တမ်းများကို အိမ်ထောင်စုစစ်တမ်းကောက်ယူသည့် ကျေးရွာတစ်ခုစီတွင် နေထိုင်သော ဗဟုသုတ နှံ့စပ်သော အမျိုးသား၊ အမျိုးသမီး ၄ ဦးမှ ၆ ဦး စသည်ဖြင့် အုပ်စုဖွဲ့ မေးမြန်းခဲ့ပါသည်။ အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်တွင် ရပ်ရွာလူထုစစ်တမ်းကို အိမ်ထောင်စုစစ်တမ်း ကောက်ယူသည့် နယ်မြေ ဧရိယာထက် ပိုမိုကောက်ယူခဲ့ပါသည် (၁၄ မြို့နယ်နှင့် ၁၂ မြို့နယ် အသီးသီးဖြစ်ပါသည်)။ ရပ်ရွာလူထုစစ်တမ်းနှင့် အိမ်ထောင်စုစစ်တမ်းနှစ်ခုလုံးတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက အကြောင်းအရာများကို ပြန်ပြောင်းမှတ်မိအောင် ပြင်ဆင်

ထားပြီး အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုကိုလက်လှမ်းမီမှု၊ ခရီးသွားရသည့်ကြာချိန်၊ လုပ်ခနှုန်းထားများနှင့် ကျေးလက်စီးပွားရေးလုပ်ငန်း အရေအတွက်စသည့်ကိစ္စများကို လွန်ခဲ့သော ၅ နှစ် သို့မဟုတ် ၁၀ နှစ်အတွင်းက ဖြစ်ပျက်ခဲ့မှုများ သိရှိနိုင်အောင် ပုံဖော်ထားပါသည်။

## ၄။ စစ်တမ်းများမှ ရလဒ်များကို ပေါင်းစပ်မှု

ဤအခန်းတွင် စစ်တမ်းများနှင့် ဒေသအလိုက် အဓိကပြောင်းလဲမှုကို နှိုင်းယှဉ်ပြီး အကျဉ်းချုပ်ဖော် ပြပါသည်။ ထိုအဓိက ပြောင်းလဲမှုများတွင် (၁)အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမီမှုများတွင်လတ်တလော ပြောင်းလဲမှုများ၊ (၂) မြေယာပိုင်ဆိုင်မှု၊ လက်လှမ်းမီမှုနှင့် မြေယာလုပ်ပိုင်ခွင့်၊ (၃)လယ်ယာစနစ်များ၏ သွင်ပြင်လက္ခဏာများ၊ အဓိကသီးနှံများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် အမြတ်အစွန်းရရှိမှု၊ (၄) စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်နေသော ပြင်ပအလုပ်အကိုင်နှင့် ကျေးလက်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်း မဟုတ်သော လုပ်ငန်းများ၏ စီးပွားရေးအခြေအနေနှင့် (၅)ကျေးလက်ဝင်ငွေနှင့် ကျေးလက်လုပ်အားခများ၏ နေအထား တို့ဖြစ်ပါသည်။

### ၄.၁ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ပံ့ပိုးခြင်းတို့သည် နယ်မြေဒေသ တစ်ခုနှင့်တစ်ခု မတူညီကြပါ။ ၎င်းသည် ပထဝီအနေအထား၊ အခြေချနေထိုင်မှုနှင့် ပဋိပက္ခများ၏ အကျိုးဆက်များ ပေါ်တွင်မူတည်၍ ကွဲပြားမှုရှိပါသည် (ဇယား-၂)။ ကောင်းမွန်သောလမ်းများကို လက်လှမ်းမီမှုသည် တောင်ပိုင်းရှမ်းပြည်နယ်တွင် အနိမ့်ဆုံး (ကျေးရွာများ၏ ၅၄ ရာခိုင်နှုန်း) ဖြစ်ပြီး ၎င်းသည် တောင်ပေါ်ဒေသအနေအထားဖြစ်၍ အချို့နေရာများတွင် ပဋိပက္ခများ ရှိနေသေးခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ၅၉ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းဒေသတွင် ရေလမ်းခရီးသည် ကျေးရွာများသို့ သွားရောက်ရန်အတွက် အဓိကအားထားရာ ဆက်သွယ်ရေး လမ်းကြောင်း ဖြစ်ပါသည်။ မွန်ပြည်နယ်တွင် ခင်းထားသော လမ်းများသည် အများဆုံးဖြစ်ပြီး ၉၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ တွေ့ရှိချက်များအရ မွန်ပြည်နယ်တွင် မြို့ပေါ်သို့သွားရောက်ရန် လမ်းခရီးကြာချိန် အနည်းဆုံးဖြစ်သောကြောင့် ဒေသခံများသည် စိုက်ပျိုးရေးနှင့် မသက်ဆိုင်သော အလုပ်အကိုင်များ၊ သွင်းအားစုများနှင့် ထွက်ကုန်များ ရောင်းချမှုများအတွက် အလွယ်တကူ သွားလာနိုင်ကြပါသည်။ ဒေသအားလုံးတွင် မိုးရာသီတွင် ခရီးသွားကြာချိန်သည် ခြောက်သွေ့ရာသီတွင် ကြာချိန်ထက် ၂၀ မှ ၄၀ ရာခိုင်နှုန်း ပိုကြာပါသည်။ ၎င်းကို ကြည့်ခြင်းအားဖြင့် လမ်းများ တည်ဆောက်ထားမှုများသည် အရည်အသွေး မပြည့်ကြောင်း တွေ့မြင်ရပါသည်။

**ဇယား ၂ ဒေသအလိုက် ကျေးလက်ဒေသတွင် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှု**

| ကျေးရွာ၏လက္ခဏာများ | မွန် ၂၀၁၅ | မြစ်ဝကျွန်းပေါ် ၂၀၁၆ | အပူပိုင်းဒေသ ၂၀၁၇ | ရှမ်း ၂၀၁၈ |
|---|---|---|---|---|
| ကွန်ကရစ်လမ်းများ % | ၉၅ | ၅၉ | ၈၀ | ၅၄ |
| မိုးရာသီတွင် ကားဖြင့်သွားနိုင်မှု % | ၈၇ | ၃၂ | ၉၉ | ၇၉ |
| နွေရာသီတွင် အနီးဆုံးမြို့ပြစင်တာသို့ သွားရန်ကြာချိန် (မိနစ်) | ၃၃ | ၄၇ | ၄၆ | ၅၁ |
| မိုးရာသီတွင် အနီးဆုံးမြို့ပြစင်တာသို့ သွားရန်ကြာချိန် (မိနစ်) | ၄၀ | ၅၇ | ၆၆ | ၆၀ |

| | | | | |
|---|---|---|---|---|
| မူလတန်းကျောင်း % | ၈၀ | - | ၇၉ | ၈၀ |
| မူလတန်းလွန်ကျောင်း % | ၃၇ | - | ၃၁ | ၁၅ |
| နိုင်ငံတော်မှ လျှပ်စစ်မီးဖြန့်ဖြူးမှု % | ၅၁ | ၁၂ | ၃၄ | ၂၅ |
| လက်ကိုင်ဖုန်းဖြန့်ဖြူးသူအနည်းဆုံးတစ်ဦးကို လက်လှမ်းမီမှု, % | ၉၇ | - | - | ၉၇ |
| စစ်တမ်း ကောက်ခဲ့သည့် ရပ်ရွာ လူထု စုစုပေါင်း | ၁၄၃ | ၇၃ | ၃၀၀ | ၃၂၃ |


အရင်းအမြစ်- စစ်တမ်းအချက်အလက်များအား စာရေးသူ၏ သုံးသပ် ဆန်းစစ်ချက်

မူလတန်းကျောင်းများသည် အမြင့်ဆုံးအဆင့်ပံ့ပိုးမှုပေးထားသည့် ပြည်သူ့ဝန်ဆောင်မှုဖြစ်ပြီး စစ်တမ်း ကောက်ယူခဲ့သည့် ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းခန့်တွင် မူလတန်းကျောင်းများရှိပါသည်။ (ဇယား-၂)။ မူလတန်းလွန်ကျောင်းများရှိသော ကျေးရွာများသည် နည်းပါးပြီး ဒေသအသီးသီးတွင် ပုံစံအမျိုးမျိုးရှိနေကာ ရှမ်းပြည်နယ်တွင် အနည်းဆုံးဖြစ်ပြီး မွန်ပြည်နယ်တွင် အများဆုံးဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပတ်သက်သည့် အချက်အလက်များ ဤလေ့လာချက်တွင် မရရှိပါ။

လျှပ်စစ်မီးကို လက်လှမ်းမီရရှိနိုင်မှုသည်လည်း ဒေသအမျိုးမျိုးတွင် ကွဲပြားလျက် ရှိသော်လည်း သာမန်အားဖြင့် နည်းပါးပါသည်။ လျှပ်စစ်မီး ရရှိမှုသည် မွန်ပြည်နယ်တွင် အမြင့်ဆုံးဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် အနည်းဆုံးဖြစ်ကာ ၁၂ ရာခိုင်နှုန်းသာ ရှိပါသည်။ ကျေးရွာအများစုသည် ပုဂ္ဂလိကအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးသည့် လျှပ်စစ်မီးကိုသာ လက်လှမ်းမီရှိပြီး တခါတရံ ကျေးရွာမှ စုပေါင်းပြီး ဝယ်ယူကြရပါသည်။ သို့သော်လည်း အစိုးရမှ ပေးသည့် လျှပ်စစ်မီးရှိသည့် ရွာများတွင်ပင် အိမ်ထောင်စုအားလုံးသည် လျှပ်စစ်သွယ်တန်းမှုစရိတ် မတတ်နိုင်ကြသောကြောင့် အချို့နေရာများတွင် မီးပြတ်တောက်မှု မကြာခဏ ဖြစ်ပွားပါသည်။ ဥပမာ ရှမ်းပြည်နယ်ရှိ ကျေးရွာများ၌ လေးအိမ်တွင် သုံးအိမ်သည် အစိုးရလျှပ်စစ်မီးကို သွယ်တန်း ဆက်သွယ်ထားကြပါသည်။ ၎င်းအိမ်များက တစ်ပတ်လျှင် နှစ်ရက်ခန့် မီးပြတ်ကာ တကြိမ်ပြတ်လျှင် ပျမ်းမျှ ငါးနာရီခန့်ကြာကြောင်း တင်ပြခဲ့ကြပါသည်။ ယခုအခါ ဆိုလာစွမ်းအင်စနစ်ကို ကျယ်ပြန့်စွာ အသုံးပြုလာကြပြီး အဓိကအားဖြင့် ဖုန်းများကို အားသွင်းရန်နှင့် အလင်းရောင် ရရှိရန် အသုံးပြုကြပါသည်။ မိုဘိုင်းဖုန်းဝန်ဆောင်မှုများကို လက်လှမ်းမီမှုသည် အားလုံးနီးပါးဖြစ်ပြီး ၎င်းသည် ၂၀၁၄ ခုနှစ် မိုဘိုင်းဖုန်းဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်ချိန်မှ စတင်ခဲ့ပါသည်။

တခါတရံ အခြေခံအနေအထားမှ စတင် ရသော်လည်း ၂၀၁၀ ခုနှစ်တည်းက မြန်မာနိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲရေး၏ အဓိက လက္ခဏာရပ်များအဖြစ် အစိုးရနှင့် ပုဂ္ဂလိက၏ အရှိန်အဟုန်နှင့် ပံ့ပိုးမှုပေးခဲ့သည့် အခြေခံအဆောက်အအုံများနှင့် ပထဝီအနေအထားအလိုက်ပျံ့နှံ့ဆောင်ရွက်လာသည့် ဝန်ဆောင်မှုများကို တွေ့မြင်နိုင်ပါသည်။ ကျေးလက်လမ်းများနှင့် မူလတန်းလွန်ကျောင်းများ တည်ဆောက်ခြင်း၊ အစိုးရလျှပ်စစ် ဓါတ်အားဖြန့်ဖြူးရေးများ တည်ထောင်ခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများသည် ဒေသအသီးသီးတွင် စစ်တမ်းကောက်နေချိန်၌ လျှင်မြန်စွာ တိုးတက်ပြောင်းလဲခဲ့ပါသည်။ ပြောင်းလဲမှုကို ပုံ-၃ တွင် ဖော်ပြထားပြီး ၎င်းသည် လွန်ခဲ့သော ဆယ်စုနှစ်က အပူပိုင်းဒေသရှိ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများတွင် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ လမ်းများ၊ လျှပ်စစ်သွယ်တန်းခြင်းတို့၏ စုစုပေါင်းလုပ်ဆောင်မှုများကို ဖော်ပြထားပါသည်။ လမ်းများတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများနှင့် မူလတန်းလွန်ကျောင်းများ ဆောက်လုပ်ခြင်းတို့သည် ၂၀၁၁ ခုနှစ်မှ စတင်ပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာပါသည်။

ပုံ ၃ အပူပိုင်းဒေသ၏ စစ်တမ်းတွင်ပါဝင်သည့် ဒေသများတွင် ကျောင်းများ၊ လျှပ်စစ်မီးများဆက်သွယ်မှု စုစုပေါင်း (၁၉၁၇ မှ ၂၀၁၇ ထိ)




အရင်းအမြစ်- စစ်တမ်းအချက်အလက်များပေါ်တွင် စာရေးသူများ၏ ဆန်းစစ်သုံးသပ်မှု

အချုပ်အားဖြင့် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိမှု တိုးတက်လာသည်မှာ အလွန်သိသာထင်ရှားပါသည်။ ယာဉ်များတင်သွင်းခွင့်နှင့် ငွေကြေးဝန်ဆောင်မှုများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခြင်းသည် ရွေ့လျားသွားလာခြင်းနှင့် ဆက်သွယ်ရေးကိစ္စများ တိုးတက်လာရန်အတွက် ကုန်ကျစရိတ်နှင့် အချိန်လိုအပ်ချက်ကို များစွာ လျှော့ချရာတွင် ပံ့ပိုးပေးပါသည်။ ဥပမာ ရှမ်းပြည်နယ်တွင် စစ်တမ်းကောက်ခဲ့သည့် ကျေးရွာများမှ အနီးဆုံးမြို့ပြသို့ သွားရန် ပျမ်းမျှကြာသည့် အချိန်သည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်း ကျဆင်းသွားပြီး ပျမ်းမျှအားဖြင့် ၃၈ မိနစ် ကျဆင်းသွားပါသည်။ ဆိုင်ကယ်သည် အသုံးအများဆုံး သွားလာရေးယာဉ်ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ကျေးရွာ ၄၁ ရာခိုင်နှုန်းတွင်သာရှိခဲ့ရာမှ ကျေးရွာ ၈၇ ရာခိုင်နှုန်းထိ ရှိလာပါသည်။

သွားလာမှုကောင်းမွန်လာခြင်းကြောင့် ကျေးလက်နေထိုင်သူများအနေဖြင့် ရွေးချယ်စရာ စီးပွားရေးလုပ်ငန်းများပြားလာပါသည်။ ဥပမာ ဝယ်သူများစွာနှင့် လက်လှမ်းမီမှုရှိခြင်းသည် စိုက်ပျိုးရေးထွက်ကုန်များ (ရှမ်းပြည်နယ်တွင် ပြောင်း) ဈေးကွက်ကို ယှဉ်ပြိုင်လာနိုင်စေပါသည်(Cho and Belton ၂၀၁၉)။ သွားလာမှုလွယ်ကူခြင်းသည် ရွာသူရွာသားများ ရှာဖွေနေသည့် အလုပ်အကိုင်များကို တိုးတက်စေပါသည်။ ဥပမာ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြေဆိုသူ ၄၄ ရာခိုင်နှုန်းသည် လခစားဝန်ထမ်းအဖြစ် အနီးအနားရှိ မြို့ပြဒေသ သို့မဟုတ် အခြားမြို့များ၊ ဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည် (ထူးနှင့် ဗူ ၂၀၁၆)။

## ၄.၂ မြေပိုင်ဆိုင်မှုနှင့် မြေယာလုပ်ပိုင်ခွင့်

မြေယာများကို လက်လှမ်းမီမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်တစ်ခုဖြစ်ပြီး မြေပိုင်ဆိုင်မှု အနေအထားသည် ကျေးလက်အိမ်ထောင်စုများ၏ လူမှုစီးပွားအခြေအနေအတွက် အဓိက ဆုံးဖြတ်ပေးသည့် အချက်တစ်ခု ဖြစ်ခဲ့ပါသည်။ မြေယာလျော်ကြေးကိစ္စသည် ၂၀၁၁ ခုနှစ်တည်းက မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်ပတ်သက်သော အဓိက ကိစ္စရပ် ဖြစ်ခဲ့ပါသည်။ သိမ်းဆည်းထားသော မြေများကို ကျေးလက်နေပြည်သူများ လက်ထဲသို့ ပြန်ပေးရန်မှာ ၎င်းအချိန်တည်းက အစိုးရ၏ မူဝါဒထဲတွင် အထင်ကရ ပါရှိပါသည်။ သို့သော်လည်း အဆိုပါအားထုတ်မှုများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်မှာ တစ်ခါတစ်ရံခက်ခဲပါသည် (Mark and Belton ၂၀၂၀)။

မြေယာမဲ့မှုနှုန်းမှာ နေရာဒေသအလိုက်ပြောင်းလဲမှုရှိပြီး ယေဘုယျအားဖြင့် မြင့်မားပါသည်။ သို့သော် ရှမ်း

ပြည်နယ်တောင်ပိုင်းမှာ ချွင်းချက်တစ်ခုဖြစ်ပြီး အိမ်ထောင်စုများ၏ ၈၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမြေကို လက်လှမ်းမီကြပါသည်။ မြေယာနယ်နမိတ်ပိုင်းခြားမှုသည် လွန်ခဲ့သော မျိုးဆက် တစ်ခု သို့မဟုတ် နှစ်ခုအတွင်း ပြောင်းလဲမှုများစွာမရှိပဲ ဆက်ခံလာခြင်းဖြစ်ပြီး သိသာသော ခွဲဝေပိုင်းခြားခြင်းပုံစံများ မရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် မြေမဲ့ယာမဲ့နှုန်းအလွန်များပြီး (၅၈ ရာခိုင်နှုန်းခန့်)၊ ၁၉၃၀ ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ် အချိန်အတွင်းတွင် မြေများကို သိမ်းဆည်းခြင်း၊ ဆိုရှယ်လစ်ခေတ်အတွင်း အချိုးကျ စပါးပေးသွင်းနိုင်မှု မရှိခြင်းကြောင့် အိမ်ထောင်စုများထံမှ မြေသိမ်းဆည်းခြင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ် စက်မှုလယ်ယာ မူဝါဒအောက်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ထူထောင်ရန် ရည်ရွယ်ပြီး မြေယာချထားပေးရန်အတွက် လုပ်ကွက်ငယ် တောင်သူများထံမှ မှတ်ပုံတင်ထားခြင်းမရှိသည့် မြေများ ကို သိမ်းဆည်းခြင်းတို့ ဖြစ်ပွားခဲ့ခြင်းတို့၏ အကျိုးဆက်ပင် ဖြစ်ပါသည် (Vicol and Pritchard ၂၀၂၀)။ သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခနှင့် နေရာ ရွှေ့ပြောင်းရခြင်းများကြောင့် မွန်ပြည်နယ်တွင် မြေယာမဲ့နှုန်း (၅၉ ရာခိုင် နှုန်း) မှာမြင့်မားပါသည်။ အပူပိုင်းဒေသတွင် မြေယာမဲ့နှုန်း (၄၀ ရာခိုင်နှုန်း) နည်းပါးသော်လည်း ဆက်လက် ရှိနေဆဲဖြစ်ပြီး ဒေသခံများ၏ အမွေဆက်ခံသည့် စနစ်ကြောင့် နှစ်ပေါင်းရှည်ကြာ တည်တံ့လာသော မြေယာများကို နေ့စဉ်လုပ်ငန်းစဉ်တစ်ခုကဲ့သို့ ခွဲဝေပိုင်းခြားမှုများ ပြုလုပ်လာခြင်း ဆောင်ရွက်လာသော ပြယုဒ်များရှိနေပါသည် (Boutry et al. ၂၀၁၇)။

ပျမ်းမျှမြေပိုင်ဆိုင်မှုသည် ရှမ်းပြည်နယ်တွင် ၅.၂ ဧက၊ မြစ်ဝကျွန်းပေါ်တွင် ၁၀.၂ ဧက ရှိပါသည်။ သို့သော်လည်း ရှမ်းပြည်နယ်မှလွဲ၍ ကျန်ဒေသများတွင် အလယ်အလတ် အရွယ်အစားသည် ၅ ဧက ရှိပါသည် (ဇယား-၃)။ နိုင်ငံ၏ နေရာအများစုတွင် အလယ်အလတ် စိုက်ပျိုးမြေပိုင်ဆိုင်သူများတွင် (၂) ဟက်တာနီးပါးရှိပြီး ၎င်းကို ကမ္ဘာ့သတ်မှတ်ချက်အရ မြေယာအငယ်စားဟု အဓိပ္ပါယ်သတ်မှတ်ပါသည်(Lowder et al. ၂၀၁၆)။

**ဇယား ၃ ဒေသအလိုက် မြေပိုင်ဆိုင်မှုနှင့် လုပ်ကိုင်မှုအခြေအနေ**

| အမျိုးအမည် | မွန်<br>၂၀၁၅ | မြစ်ဝကျွန်းပေါ်<br>၂၀၁၆ | အပူပိုင်းဒေသ<br>၂၀၁၇ | ရှမ်း<br>၂၀၁၈ |
|---|---|---|---|---|
| မြေယာမဲ့အိမ်ထောင်စု % | ၅၉ | ၅၈ | ၄၀ | ၁၅ |
| စိုက်ပျိုးမြေပျမ်းမျှဧရိယာ ဧက* | ၇.၃ | ၁၀.၂ | ၆.၅ | ၅.၂ |
| စိုက်ပျိုးမြေဧရိယာအလယ်ကိန်း* | ၅ | ၅.၅ | ၅ | ၃.၅ |
| အိမ်ထောင်စု ၃ ခုမှ လုပ်ကိုင်နေသော မြေအကျယ်အဝန်း % | ၇၁ | ၇၀ | ၈၁ | ၆၇ |
| အိမ်ထောင်စု ၁ ခုမှ လုပ်ကိုင်နေသော မြေအကျယ်အဝန်း% | ၇ | ၅ | ၄ | ၉ |
| မြေငှားရမ်းခြင်းရာခိုင်နှုန်း% | ၁၄ | ၇ | ၆ | ၁၅ |
| ပုံစံ ၇၊ ၁၀၅ တို့ဖြင့် လုပ်ကိုင်နေသော အိမ်ထောင်စု % | ၃၆ | ၈၅ | ၈၇ | ၂၀ |
| စွန့်လွှတ်ရမြေများရှိနေသော အိမ်ထောင်စု% | | ၂၀ | ၁၅ | ၂၄ |
| သိမ်းဆည်းခံရမြေများသည် စွန့်လွှတ်မြေများ၏ အစိတ်အပိုင်းအဖြစ်ရှိနေသော အိမ်ထောင်စု% | ၅၁ | ၁၅ | ၃၀ | |

အရင်းအမြစ်- စစ်တမ်းအချက်အလက်များအပေါ် စာရေးသူများ၏ ဆန်းစစ်သုံးသပ်မှု

မှတ်ချက်- မြေမဲ့ယာမဲ့ကို စိုက်ပျိုးမြေအား လုံးဝလက်လှမ်းမမီသော အိမ်ထောင်စုများဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ ဒားရမ်းလုပ်ကိုင်ပြီး လက်လှမ်းမီသောသူ များကို မြေရှိသည်ဟုသတ်မှတ်ပါသည်။

* လယ်မြေလုပ်ကိုင်သော ဒေသများရှိ အခြေအနေအရ ပျမ်းမျှဧရိယာ

စိုက်ပျိုးလုပ်ကိုင်သူ အိမ်ထောင်စုများတွင် မြေယာပိုင်ဆိုင်မှုသည် ညီမျှခြင်းမရှိပေ။ ဒေသအားလုံး၌ စစ်တမ်းကောက်ယူခဲ့သော မြေယာအများဆုံးပိုင်ဆိုင်သူများ (တတိယအုပ်စု) သည် စုစုပေါင်း စိုက်ပျိုးမြေများ၏ သုံးပုံနှစ်ပုံကို (အပူပိုင်းဒေသတွင် ၈၁ ရာခိုင် နှုန်းထိ) စိုက်ပျိုးလုပ်ကိုင်နေလျက်ရှိပြီး လယ်မြေ အနည်းဆုံး ပိုင်ဆိုင်သူများအုပ်စုသည် အပူပိုင်းဒေသတွင် မြေယာအားလုံး၏ ၄ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်တွင် ၉ ရာခိုင်နှုန်းကြား လုပ်ကိုင်ကြသည် (ဇယား-၃)။ ဤကဲ့သို့ စိုက်ပျိုးမြေခွဲဝေလုပ်ကိုင်မှု အနေအထားသည် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်

ခြင်းဖြင့် ကျေးလက်ဝင်ငွေ တိုးတက်ရေးကို လုပ်ဆောင်မည့် မူဝါဒအတွက် အရေးကြီးသော သက်ရောက်ရှိနိုင်ပြီး တိုက်ရိုက်အကျိုးကျေးဇူးများဖြစ်သည့် (ထောက်ပံ့ဈေးငွေရရှိမှု၊ သီးနှံရောင်းချခြင်းမှ ဝင်ငွေရရှိမှုများ)သည် လယ်ယာမြေများစွာ ပိုင်ဆိုင်သော အိမ်ထောင်စုများကိုသာ ပို၍ အကျိုးအမြတ် ရရှိစေပါသည်။ ဥပမာ မြစ်ဝကျွန်းပေါ်ဒေသ၌ လယ်မြေ အနည်းဆုံး ပိုင်ဆိုင်သူများအုပ်စုသည် စုစုပေါင်း မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းသာရှိ သော်လည်း အများဆုံးပိုင်ဆိုင်သည့် (တတိယအုပ်စု) စိုက်ပျိုးလုပ်ကိုင်သော အိမ်ထောင်စုများသည် ၆၄ ရာခိုင်နှုန်း ထုတ်လုပ်ကြပါသည်။ ရေသွင်းစိုက်ပျိုးသည့် နွေစပါးမှရရှိသော ဝင်ငွေသည် မြေပိုင်ဆိုင်မှုနှင့် တိုက်ရိုက်အချိုးကျ ဆက်စပ်လျက် ရှိပါသည်။ တတိယအုပ်စုတွင်ပါဝင်သော အိမ်ထောင်စုများသည် ဝင်ငွေ ၅၀ ရာခိုင်နှုန်း ရရှိကြပြီး ပထမအုပ်စုတွင် ပါဝင်သော အိမ်ထောင်စုများမှာ ၂၀ ရာခိုင်နှုန်းသာ ရရှိပါသည်။ ၎င်းပုံစံသည် ရင်းနှီးမြှုပ်နှံနိုင်စွမ်းနှင့် ရေသွင်းရရှိနိုင်မှု ကွဲပြားမှု၏ အကျိုးသက်ရောက်မှုဖြစ်နိုင်ပါသည်။ အလားတူဖြစ်စဉ်များကို အခြားဒေသများတွင်လည်းတွေ့နိုင်ပါသည်။

မြေငှားရမ်းမှုဈေးကွက်သည် ဒေသအားလုံးတွင် အနည်းငယ်သာရှိသည်။ ပိုင်ရှင်ကိုယ်တိုင် မလုပ်ကိုင်သော မြေယာအများစု၌ လက်ရှိလုပ်ကိုင်နေသူများသည် ၎င်းတို့၏ မိဘများမှ ဆက်ခံပြီး အစဉ်အဆက် ငှားရမ်း လုပ်ကိုင်လာကြပါသည်။ ငှားရမ်းလုပ်ကိုင်ကြမှုသည် အပူပိုင်းဒေသတွင် ၆ ရာခိုင်နှုန်းမှ ရှမ်းပြည်နယ်တွင် ၅ ရာခိုင်နှုန်းထိ ရှိပါသည်။

မြေပိုင်ဆိုင်မှု အာမခံချက်သည် ဒေသအလိုက်များစွာ ကွဲပြားပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေအားလုံးကို နိုင်ငံတော်အစိုးရက ပိုင်ဆိုင်ပါသည်။ ပုံစံ ၇ သို့မဟုတ် ပုံစံ ၁၀၅ သည် နိုင်ငံတော်မှ ထုတ်ပေးထားသော သက်သေခံလက်မှတ်ဖြစ်ပြီး ၎င်းသည် မြေယာပိုင်ဆိုင်သူအား မြေယာလုပ်ကိုင်ခွင့်ရရှိစေပါသည်။ တရားဝင်အသုံးပြုခွင့် မရရှိထားသော မြေယာများကို မြေလွတ်မြေရိုင်းများအဖြစ် အမျိုးအစား သတ်မှတ်ပြီး ၎င်းတို့ကို နိုင်ငံတော်က အခြားအသုံးပြုမည့်သူများကို ချထားပေးရန် သိမ်းယူပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြုပြင်ခဲ့သော မြေယာဥပဒေအရ မြေလွတ်မြေရိုင်းများကို လက်ဝယ်ရယူထားသူသည် ပြစ်ဒဏ်ခံရမည် ဖြစ်ပါသည် (Mark and Belton ၂၀၂၀)။

မှတ်ပုံမတင်ထားသော မြေများ၏ မြေပိုင်ဆိုင်မှုအာမခံချက်ရှိမှုသည်လည်း အားနည်းသောအနေအထားတွင် ရှိပါသည်။ မှတ်ပုံတင်မှု အများဆုံးသည် နိုင်ငံတော်မှ လက်လှမ်းမီဆောင်ရွက်နိုင်သည့် လယ်မြေများ ဖြစ်ပါသည်။ သမိုင်းအစဉ်အဆက်တစ်လျှောက် စိုက်ပျိုးမြေအသုံးချမှု မူဝါဒကလွှမ်းခြုံနိုင်သော စပါးစိုက်ပျိုးသည့် လယ်များတွင် အဓိကတွေ့ရပါသည်။ ထို့ကြောင့် ပုံစံ ၇ နှင့် ပုံစံ ၁၀၅ ပိုင်ဆိုင်မှုသည် အပူပိုင်းဒေသတွင် ၈၇ ရာခိုင်နှုန်းရှိကာ အများဆုံးဖြစ်ပြီး မွန်ပြည်နယ်ရှိ အစွန်အဖျားနှင့် ယာမြေများတွင် ၃၆ ရာခိုင်နှုန်းသာရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀ ရာခိုင်နှုန်း ဖြစ်သည်။

ထိုသို့မြေယာပိုင်ဆိုင်မှု အာမခံချက်နည်းပါးမှုမှာ မြေသိမ်းခံရမှု အခြေအနေကြီးမားခဲ့ခြင်း၏ အကျိုးသက်ရောက်မှုဖြစ်ပါသည်။ မြေယာသိမ်းမှုများမှာ ရှမ်းပြည်နယ်တွင် စစ်တမ်းကောက်ယူခဲ့သော ဒေသများ၏ ၃၀ ရာခိုင်နှုန်းရှိပြီး ဖြေဆိုသူများက ရောင်းချခြင်း၊ ပေးကမ်းခြင်း သို့မဟုတ် လက်လှမ်းမီမှု ဆုံးရှုံးခြင်းများ ရှိကြောင်း ပြောဆိုကြပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မြေသိမ်းခံရမှု မှာ ၅၁ ရာခိုင်နှုန်းရှိပြီး သမိုင်းကြောင်းအရ ငါးမွေးမြူရေးကန်ကြီးများ တည်ဆောက်ရန် မြေသိမ်းမှုများကြောင့် အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှု ဆုံးရှုံးခြင်းကို ဖြစ်စေခဲ့ပါသည် (ဇယား ၃)။

မိရိုးဖလာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ မြေပိုင်ဆိုင်မှုသတ်မှတ်ချက်အောက်မှ မြေများ (ဥပမာ ရွှေ့ပြောင်းတောင်ယာစနစ်) သည်လည်း မြေလွတ် မြေရိုင်းအဓိပ္ပါယ် သတ်မှတ်ချက်အောက်သို့ ရောက်ရှိလာသဖြင့် မြေသိမ်းခံရ

မှုများအတွက် ထိခိုက်ဆုံးရှုံးနိုင်မှုများသည့် အနေအထား ရှိပါသည် (Thein et al. ၂၀၁၈)။ ဇယား-၃ တွင် ဖော်ပြထားသော စစ်တမ်းကောက်ယူခဲ့သည့် ဒေသများတွင် ဤနည်းလမ်းကြောင့် မြေယာလက်လွှမ်းမိမှုမှာ နည်းပါးပါသည်။ ဥပမာ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အိမ်ထောင်စု စစ်တမ်း၏ ၂ ရာခိုင်နှုန်းက ၎င်းတို့သည် ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးကြောင်း ပြောပြကြပါသည်။ လေးပုံ တစ်ပုံက ၎င်းတို့ မိသားစုကိုယ်တိုင်ဖြစ်စေ မိဘများနှင့် ပေါင်း၍ဖြစ်စေ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးခဲ့ကြပြီး မကြာသေးမီက မြေသိမ်းခံခဲ့ရကြောင်း ပြောကြပါသည် (Win and Zu ၂၀၁၉)။ သို့သော်လည်း ရွှေပြောင်းတောင်ယာစနစ်သည် ချင်း ပြည်နယ်ကဲ့သို့သော (Boutry et al. ၂၀၁၈) အခြားကုန်းမြင့်ဒေသများတွင်လည်း ပြန့်နှံ့လျက်ရှိပြီး ၎င်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုမှာ အနာဂတ်တွင် ထိခိုက်လွယ်နိုင်ပါသည်။

အရှေ့တောင်အာရှရှိ အခြားနိုင်ငံများကဲ့သို့ (Rigg et al. ၂၀၁၆) မြန်မာနိုင်ငံ၏ ပျမ်းမျှ စိုက်ပျိုးမြေ အရွယ်အစားသည်  မျိုးဆက် အဆက်ဆက်အမွေခွဲချိန်တွင် ပိုင်းဖြတ်ခွဲဝေကြသောကြောင့် အရွယ်အစား သေးငယ်လာ ပါသည်။ ဥပမာ ရှမ်းပြည်နယ်တွင် မြေပိုင်ဆိုင်သည့်အရေအတွက်နှင့် မြေမဲ့ယာမဲ့အရေအတွက်သည် မျိုးဆက် တစ်ခုမှ တစ်ခုသို့ ကွာခြားမှုမရှိဘဲ တသမတ်ဖြစ်နေသော်လည်း အိမ်ထောင်စုတစ်ခု လုပ်ကိုင်သည့် ပျမ်းမျှမြေ အကျယ်အဝန်းသည် ၃၀ ရာခိုင်နှုန်း ထိကျဉ်းမြောင်းသွားပါသည်( Win and Zu ၂၀၁၉)။ အပူပိုင်းဒေသ၌ လယ်ယာ လုပ်ကိုင်သည့် အရွယ်ရောက်ပီးသူ အိမ်ထောင်စုများ၏ ၆၈ ရာခိုင်နှုန်းသည် ၎င်းတို့၏ မိဘများထက် ပိုင်ဆိုင်သော မြေယာအကျယ်အဝန်း သေးငယ်ကြပါသည်။ မျိုးဆက်နှစ်ဆက် အတွင်း ပျမ်းမျှမြေယာပိုင်ဆိုင်မှုသည် ၉.၅ ဧကမှ ၅.၅ ဧကသို့ ကျဆင်းသွားပါသည် (Hein et al. ၂၀၁၇)။

အဆိုပါဖြစ်စဥ်မှ ချွင်းချက်တစ်ချို့ကို ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သူများသည့် မွန်ပြည်နယ်တွင်တွေ့ရသည် (စစ်တမ်းတွင်လာရောက်ဖြေဆိုသူ ထက်ဝက်ခန့်က အိမ်ထောင်စုဝင်တစ်ဦး ရွှေပြောင်းသွားလာအလုပ်လုပ်လျက်ရှိကြောင်း စစ်တမ်းဖြေစဥ်အတွင်း ပြောကြားခဲ့သည်)။ မွန်ပြည်နယ်တွင် စပါးစိုက်ပျိုးရန် အသုံးပြုကြသော ပျမ်းမျှ မြေပိုင်ဆိုင်မှုအရွယ်အစားသည် ကနဦး မြေပိုင်ဆိုင်သူများတွင် ၅.၅ ရာခိုင်နှုန်းမှ ၆.၄ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ သို့သော်လည်း စပါးစိုက်ပျိုးသည့် မြေကွက်အရေအတွက် ကျဆင်းနေခြင်းမှာ မြေသိမ်းခံရမှုကြောင့်လဲ ဖြစ်နိုင်ကြောင်း ခန့်မှန်းရပါသည်။ (CESD, IFPRI, and MSU ၂၀၁၆)

## ၄.၃. သီးနှံများနှင့် စိုက်ပျိုးနည်းစနစ်များ

မြန်မာနိုင်ငံ၏ မတူကွဲပြားသော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး ပထဝီဝင်အနေအထားတို့ကြောင့် နိုင်ငံ၏ အဓိက စိုက်ပျိုးရေး ဂေဟဇုံများတွင် စိုက်ပျိုးနည်းစနစ်နှင့် ကောက်ပဲသီးနှံပုံစံစိုက်ပျိုးထုတ်လုပ်မှုပုံစံများ ကွဲပြားခြားနားပါသည်။

### ၄.၃.၁ စပါး

စပါးသည် စိုက်ပျိုးမှုအများဆုံး သီးနှံဖြစ်ပြီး မွန်ပြည်နယ်တွင် လယ်ယာလုပ်ကိုင်သူ အိမ်ထောင်စု၏ ၃၉ ရာခိုင်နှုန်း နှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ၉၇ ရာခိုင်နှုန်းထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပါသည် (ဇယား-၄)။ မြန်မာတို့၏ နေ့စဉ်ပင်တိုင်အစားအစာ ဖြစ်သည့်အပြင် သမိုင်းအစဉ်အလာ တစ်လျှောက်လုံးတွင် အခြားသီးနှံများထက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို မြင့်တင်ပေးခဲ့သော စိုက်ပျိုးရေးမူဝါဒများ၏ အကျိုးဆက်အဖြစ် စပါးသည် လယ်ယာစနစ်များတွင် အထင်ကရဦးစားပေးစိုက်ပျိုးသည့် သီးနှံဖြစ်သည်။ စပါးစိုက်ပျိုးသည့်စနစ်များသည် ယေဘူယျအားဖြင့် တူညီမှု

ရှိသော်လည်း ဒေသတစ်ခုနှင့်တစ်ခု ကွာခြားမှုရှိပါသည်။

**ဇယား ၄ ဒေသအလိုက် အဓိကသီးနှံများစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ဝင်ငွေ**

| အမျိုးအမည် | မွန် ၂၀၁၅ | မြစ်ဝကျွန်းပေါ်* ၂၀၁၆ | အပူပိုင်းဒေသ ၂၀၁၇ | ရှမ်း ၂၀၁၈ |
|---|---|---|---|---|
| စပါး စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၃၉ | ၉၇ | ၄၈ | ၅၁ |
| မိုးစပါးပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/တစ်ဟက်တာ | ၂,၉၄၂ | ၂,၃၈၅ | ၂,၉၄၈ | ၃,၂၆၂ |
| မိုးစပါးပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | ၁၂၄,၉၇၂ | ၁၀၅,၆၁၅ | ၁၆၀,၆၀၄ | ၁၄၃,၃၁၄ |
| နွေစပါးပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | | ၄,၂၀၂ | ၃,၄၄၃ | |
| နွေစပါးပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | ၁၇၂,၇၀၁ | ၁၉၈,၈၉၂ | |
| စပါးဈေးကွက်ပို့လျှံမှု % | ၃၀ | ၇၅ (မိုးရာသီ)<br>၇၉ (နွေရာသီ) | ၅၉ | ၂၁ |
| နှမ်း စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၂ | ၀ | ၆၈ | ၇ |
| နှမ်းပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | | | ၂၄၆ | ၄၀၉ |
| နှမ်းပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | | ၁၀၅,၁၁၅ | ၁၆၃,၃၉၈ |
| မြေပဲ စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | | ၀ | ၃၃ | ၁၈ |
| မြေပဲပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | | | ၇၅၃ | ၁,၃၈၀ |
| မြေပဲပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | | ၁၁၁,၀၆၀ | ၁၄၁,၅၇၀ |
| ပဲတီစိမ်း စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၈ | ၅၂* | ၂၁ | ၅ |
| ပဲတီစိမ်းပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | ၂၃၉ | ၁,၁၀၆ | ၂၃၄ | ၇၁၃ |
| ပဲတီစိမ်းပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | ၃၂၀,၅၀၀ | ၅၂,၂၁၀ | ၁၄၁,၁၅၄ |
| ပြောင်း စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၀ | ၀ | ၀ | ၅၃ |
| ပြောင်းပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | | | | ၃,၅၀၇ |
| ပြောင်းပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | | | ၁၆၅,၃၄၄ |
| ပဲစဉ်းငုံ စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၀ | ၀ | ၃၃ | ၃၅ |
| ပဲစဉ်းငုံ ပျမ်းမျှအထွက်နှုန်း ကီလိုဂရမ်/ဟက်တာ | | | ၆၀၆ | ၅၂၄ |
| ပဲစဉ်းငုံ ပျမ်းမျှစုစုပေါင်းဝင်ငွေ (ကျပ်/ဧက) | | | ၁၄၉,၇၃၃ | ၁၃,၆၂၃ |
| ဟင်းသီးဟင်းရွက် စိုက်ပျိုးသော တောင်သူအိမ်ထောင်စု% | ၈ | ၂၄ | ၁၃ | ၈၈ |
| သစ်သီး စိုက်ပျိုးသော တောင်သူအိမ်ထောင်စု % | ၁၅ | ၁၄ | ၁၆ | ၆၃ |

အရင်းအမြစ်- စစ်တမ်းအချက်အလက်များအပေါ်တွင် စာရေးသူ၏ ဆန်းစစ်သုံးသပ်မှုများ

မှတ်ချက်*- ရေလုပ်ငန်းကဏ္ဍလုပ်ကိုင်ခြင်းပြင်ပရှိ ပျမ်းမျှ အိမ်ထောင်စု

† ပျမ်းမျှတွင် မိုးစပါးနှင့် နွေစပါးများ ပါဝင်ပါသည်။ သို့သော်လည်း စပါးစိုက်တောင်သူ ၁၃ ရာခိုင်နှုန်းသာ ရေသွင်းစိုက်ပျိုးကြပါသည်။

ပထမအချက်အနေဖြင့် မိုးသီးနှံသည် ဒေသအားလုံးတွင် အဓိကစပါးသီးနှံဖြစ်ပါသည်။ သို့သော်လည်း ဒေသ တစ်ခုနှင့် တစ်ခု ကွာခြားချက် ရှိပါသည်။ ဥပမာ အပူပိုင်းဒေသတွင် စိုက်ပျိုးသည့် မိုးစပါးမှာ မိုးရေလုံလောက်စွာ မရရှိသောကြောင့် ချောင်း၊ မြောင်း၊ ရေကန်များမှ ရေဖြည့်စွက်သွင်းပေးရန် လိုအပ်ပါသည်။ သို့သော်လည်း မြစ်ဝကျွန်းပေါ်နှင့် မွန်ပြည်နယ်တို့တွင် ရေသွင်းရန် မလိုပါ၊ ရှမ်းပြည်နယ်တွင် ရေသွင်းရသည့် အခြောက်မြေပြင် စိုက်ပျိုးရသည့်စပါးကို ယာမြေတွင် စိုက်ပျိုးကြပါသည်။ နွေစပါးကို အပူပိုင်းဒေသ ရွှေဘိုဆည်ရေသောက်ဒေသ၊ ဧရာဝတီတိုင်းတွင် မိုးရာသီ ရေလွှမ်းလေ့ရှိသော ဒေသများနှင့် ရှမ်းပြည်နယ်ရှိ ကောင်းစွာ ရေပေးသွင်းနိုင်သည့် ချိုင့်ဝှမ်းဒေသ အနည်းငယ်တွင် စိုက်ပျိုးနိုင်ပါသည်။

ဒုတိယအနေဖြင့် ဓါတ်မြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။ ဥပမာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ဓါတ်မြေဩဇာကို မွန်ပြည်တွင် ၈၂ ရာခိုင်နှုန်း၊ အပူပိုင်းဒေသတွင် ၉၆ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်တွင် ၈၇ ရာခိုင်နှုန်း အသီးသီး ထည့်သွင်းအသုံးပြုကြပါသည်။

တတိယအနေဖြင့် အထွက်ကောင်းစပါးမျိုးအသုံးပြုမှုမှာ အလွန်နည်းပါး ပါသည်။ အထွက်ကောင်းမျိုးဟူသော စကားလုံးကို အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲပါသည်။ စစ်တမ်းဖြေဆိုသူ တောင်သူအများစုက ၎င်းတို့သည် အထွက်ကောင်းမျိုးကို အသုံးပြုသည်ဟုပြောကြသော်လည်း ၎င်းမျိုးစပါးကို အခြားတောင်သူများထံမှ ရယူခဲ့ခြင်းဖြစ်ကြောင်း ပြောပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မိုးစပါးစိုက်ပျိုးသူ၏ ၁၆ ရာခိုင်နှုန်းနှင့် နွေစပါးစိုက်တောင်သူ ၃၇ ရာခိုင်နှုန်းသည် အထွက်ကောင်းမျိုးကို အသုံးပြုကြကြောင်း ပြောကြပါသည်။ နွေရာသီတွင် အထွက်ကောင်းမျိုး စိုက်ပျိုးခြင်းဖြင့် ရရှိလာသောအမြတ်သည် ဒေသမျိုးစိုက်ပျိုးခြင်းထက် ၁၈ ရာခိုင်နှုန်း ပိုများပါသည်။ သို့သော်လည်း မိုးရာသီစပါးစိုက်ပျိုးနှင့် နှိုင်းယှဉ်ပါက အမြတ်ကွာခြားချက်မှာ မပြောပလောက်ပေ။ အပူပိုင်းဒေသတွင် တောင်သူ ၄၂ ရာခိုင်နှုန်းက အထွက်ကောင်းမျိုး သုံးစွဲကြသည်ဟု ပြောကြပါသည်။ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသ နှစ်ခုစလုံးတွင် အထွက်ကောင်းမျိုး အသုံးပြုသူသည် လွန်ခဲ့သော ဆယ်စုနှစ်ကထက် ပိုများလာပြီး အပူပိုင်းဒေသတွင် နွေစပါးစိုက်တောင်သူ ၂၅ ရာခိုင်နှုန်းမှ ၄၂ ရာခိုင်နှုန်းထိ တိုးလာပြီး၊ မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါးစိုက် တောင်သူ ၂၀ ရာခိုင်နှုန်း မှ ၃၇ ရာခိုင်နှုန်းထိ တိုးလာပါသည်။ သို့သော်လည်း အထွက်ကောင်းမျိုး အသုံးပြုမှုသည် မိုးစပါးစိုက်တောင်သူများတွင် ကွာခြားမှုမရှိပေ။ အထွက်ကောင်း စပါးမျိုးအသုံးပြုမှုနှုန်းသည် ကမ္ဘောဒီးယား (၅၉ ရာခိုင်နှုန်း)၊ လာအို(၇၁ ရာခိုင်နှုန်း)၊ ဗီယက်နမ် (၉၆ ရာခိုင်နှုန်း၊ ထိုင်း (၁၀၀ ရာခိုင်နှုန်း) စသည်ဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးသည်ကိုတွေ့ရှိရပါသည်။ (Maredia and Reyes ၂၀၁၆)

စတုတ္ထအချက်အနေဖြင့် စပါးအထွက်နှုန်းသည် အလွန်နည်းပါးပါသည်။ မိုးစပါးအထွက်နှုန်းသည် ဒေသအားလုံးတွင် တစ်ဟက်တာလျှင် ၂-၃ မက်ထရစ်တန်သာထွက်ပြီး စပါးအထွက်နှုန်းတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၏ နောက်တွင် ရှိနေပါသည်။ နွေစပါးအထွက်နှုန်းသည် မြင့်မားပြီး ပျမ်းမျှအနေဖြင့် အပူပိုင်းဇုန်တွင် ပျမ်းမျှ တစ်ဟက်တာလျှင် ၃.၄ မက်ထရစ်တန်နှင့် မြစ်ဝကျွန်းပေါ်တွင် ၄.၂ မတ်ထရစ်တန် ထွက်ရှိပါသည်။ ကျွန်ုပ်တို့၏ တွေ့ဆုံမေးမြန်းမှုများအရ မကြာသေးမီနှစ်များက ကောင်းစွာ ရေသွင်းနိုင်သည့် ရှမ်းပြည်နယ်တောင်ပိုင်း၏ အနိမ့်ပိုင်းဒေသများတွင် တရုတ်နိုင်ငံ မှတင်သွင်းသော အထွက်ကောင်းမျိုးများကို ပိုမိုစိုက်ပျိုးလာကြပါသည်။ ၎င်းမျိုးများသည် ရက် ၁၀၀ သက်တမ်းအတွင်း ပုံမှန်အားဖြင့် အနည်းဆုံး တစ်ဟက်တာလျှင် ၅ မက်ထရစ်တန်ထွက် ရှိပါသည်။ ထို့ကြောင့် သီးထပ်စိုက်ပျိုးနိုင်ရန် ဖြစ်နိုင်ခြေ ရှိပါသည်။ ရှမ်းပြည်နယ်တွင် ပြုလုပ်သည့် ကျွန်ုပ်တို့၏ စစ်တမ်းတွင် ပြောင်းစိုက်ပျိုးသည့် ဒေသများကို အဓိကထားလေ့လာထားသဖြင့် စပါးစိုက်ပျိုးမှု ပုံစံအသေးစိတ်ကို ထည့်သွင်းဖော်ပြမည် မဟုတ်ပေ။

နောက်ဆုံးအနေဖြင့် စပါးသည် အိမ်ထောင်စုစားသုံးရန် တပိုင်တနိုင်ဝမ်းစာနှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေး နှစ်မျိုးစလုံး အကျုံးဝင်သောသီးနှံ ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် စီးပွားဖြစ်ထုတ်လုပ်မှုကို အများဆုံး တွေ့ရပြီး ၎င်းဒေသအတွက် စပါးသည် အဓိကသီးနှံဖြစ်ကာ စိုက်ပျိုးရာသီနှစ်ခုလုံးတွင် ရိတ်သိမ်းသောစပါး၏ သုံးပုံနှစ်ပုံကို ရောင်းချလျက်ရှိပါသည်။ ၎င်းပုံစံသည် လယ်ယာမြေ အရွယ်အစားနှင့် ဆက်စပ်မှုမရှိပါ။ အပူပိုင်းဒေသတွင် စပါးရောင်းချရမှု အလယ်အလတ်ရှိပြီး ရိတ်သိမ်းရသောစပါး၏ ၅၉ ရာခိုင်နှုန်းကို ရောင်းချကြပါသည်။ သို့သော်လည်း ရှမ်းပြည်နယ်တွင် စိုက်ပျိုးထုတ်လုပ်မှုအများစုမှာ ဝမ်းစာဖူလုံမှုအတွက် ဖြစ်ပါသည် (၂၁ ရာခိုင်နှုန်းကိုသာ ရောင်းချပါသည်)။ မွန်ပြည်နယ်တွင်စိုက်ပျိုးသော စပါးမှာလည်း အဓိကအားဖြင့် မိသားစုဝမ်းစာအတွက်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းကိုသာ ရောင်းချကြပါသည်။

### ၄.၃.၂ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ

စပါးအပြင် မြန်မာနိုင်ငံတွင် အကျယ်ပြန့်ဆုံးနှင့် စီးပွားရေးအရ အထင်ကရ စိုက်ပျိုးသည့် သီးနှံအမျိုးအစားများမှာ ပဲမျိုးစုံဖြစ်ပြီး ပဲတီစိမ်းနှင့် ပဲစဉ်းငုံမှာ အထင်ရှားဆုံးဖြစ်ကာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးနှင့် ဆီထွက် သီးနှံများ အပါအဝင် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ဆီထွက်သီးနှံထဲတွင် နှမ်းနှင့် မြေပဲမှာ အရေးအပါဆုံး သီးနှံများဖြစ်ပါသည်။

ပဲတီစိမ်းနှင့် မတ်ပဲသည် မြစ်ဝကျွန်းပေါ်ဒေသ၏ အရေးအပါဆုံးသီးနှံဖြစ်ပြီး မိုးစပါးရိတ်သိမ်းပြီး ကျန်ရှိသော အစိုဓါတ်ဖြင့် စိုက်ပျိုးကြပါသည်။ ပဲတီစိမ်းကို အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတွင် စိုက်ပျိုး ထုတ်လုပ်ကြပါသည်။ ပဲစဉ်းငုံသည် ရှမ်းပြည်နယ်နှင့် အပူပိုင်းဒေသတွင် မိုးသီးနှံဖြစ်ပြီး ယေဘူယျအားဖြင့် ပြောင်း သို့မဟုတ် နှမ်းနှင့် သီးညှပ်စိုက်ပျိုးကာ ဖေဖော်ဝါရီလခန့်တွင် ရိတ်သိမ်းကြပါသည်။ ပဲစဉ်းငုံနှင့် မတ်ပဲ၊ ပဲတီစိမ်းတို့ သည် ဝင်ငွေရသီးနှံများဖြစ်ပြီး အားလုံးနီးပါးသည် ပြည်ပတင်ပို့ရန်အတွက် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် အဓိက ပဲ ဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံမှလည်း ပဲတီစိမ်းကို ဝယ်ယူပါသည်။ မြန်မာနိုင်ငံတွင် ပို့ကုန်အတွက် ၁၉၉၀ ခုနှစ်တွင် သီးနှံများကို ရောင်းဝယ်ခြင်းနှင့် ပို့ကုန်ကို လွတ်လပ်စွာ ခွင့်ပြုလိုက်ချိန်မှ စတင်ပြီး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြပါသည် (Okamoto ၂၀၀၈)။ ကုလားပဲနှင့် ပဲကြီးတို့ကို ပမာဏအနည်းငယ်သာ စိုက်ပျိုးကြပြီး ပြည်တွင်း စားသုံးရန်အတွက် ဖြစ်ပါသည်။

နိုက်ထရိုဂျင်ကို ထိန်းထားနိုင်သော ပဲမျိုးစုံသီးနှံများသည် နိုက်ထရိုဂျင်ထည့်သွင်းမှု အနည်းငယ်သာ လိုအပ် သော်လည်း ယေဘူယျအားဖြင့် ပိုးသတ်ဆေးအသုံးပြုရမှု မြင့်မားကာ ထုတ်လုပ်မှုစရိတ် သိသာစွာ ကုန်ကျသော သီးနှံ များဖြစ်ပါသည်။ ဤသီးနှံများတွင် စက်စွမ်းအား အသုံးပြုမှုနည်းပါးသောကြောင့် ရိတ်သိမ်းရန်နှင့် ခြွေလှေ့ရန်အတွက် အသုံးပြုရသည့် အလုပ်သမားခများသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်ကို အလွန်မြင့်မားစေပါသည်။

နှမ်းသည် အပူပိုင်းဒေသ၏ အဓိကသီးနှံဖြစ်ပြီး တောင်သူအိမ်ထောင်စု ၅၈ ရာခိုင်နှုန်းခန့် စိုက်ပျိုးကြကာ ရှမ်းပြည်နယ်တွင်လည်း စိုက်ပျိုးကြပါသည်။ မြေပဲကို အပူပိုင်းဒေသရှိ တောင်သူ (၃၃ ရာခိုင်နှုန်း) နှင့် ရှမ်းပြည်နယ် တွင် (၁၈ ရာခိုင်နှုန်း) စိုက်ပျိုးကြပါသည်။ သီးနှံနှစ်မျိုးလုံးကို စားသုံးဆီအတွက် အဓိက အသုံးပြုကြပြီး ဆီမကြိတ် သောအစေ့ဆန်များကို သရေစာမုန့်အဖြစ် စားသုံးရန် အသုံးပြုကြပါသည်။ သို့သော်လည်း ပြည်တွင်း ဆီစက်များသည် ၂၀၁၁ ခုနှစ် သွင်းကုန် လွတ်လပ်စွာ ခွင့်ပြုလိုက်သည့် အချိန်မှစပြီး ပြည်ပမှတင်သွင်းသော ဈေးနှုန်း ချိုသာသည့် စားအုန်းဆီများနှင့် ဈေးကွက်တွင် ပြင်းထန်စွာ ယှဉ်ပြိုင်ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စားသုံးဆီ ထုတ်လုပ်မှု သည် သိသိသာသာ ကျဆင်းသွားပါသည်။ ပြည်တွင်းလိုအပ်ချက် ပြည့်မီပြီး ပိုလျှံသော အစေ့အဆံများကို တရုတ်နိုင်ငံ သို့ တင်ပို့ကြပါသည် (Belton and Win ၂၀၁၉)။ တောင်ကိုးရီးယားနှင့် ဂျပန်နိုင်ငံသို့ တန်ဖိုးမြင့်သီးနှံအဖြစ် တင်ပို့နိုင် သော နှမ်းနက်ကို မကြာသေးမီနှစ်များက သိသိသာသာ တိုးမြှင့်စိုက်ပျိုး လာကြပါသည်။

မိုးသီးနှံ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၏ ထုတ်လုပ်နိုင်မှုနှင့် အမြတ်အစွန်းရရှိမှုသည် ဒေသအလိုက်ကွဲပြားပြီး ရာသီဥတုနှင့် ဈေးကွက်အပေါ်မူတည်၍ တစ်နှစ်မှတစ်နှစ်အပြောင်းအလဲရှိပါသည် (ဇယား-၄)။ ဥပမာ ပဲတီစိမ်းသည် ဇယား-၄ တွင်ဖော်ပြထားသော သီးနှံများတွင် အမြတ်အများဆုံးသီးနှံ ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ် ဒေသ၌ တစ်ကေလျှင် ၃၂၀,၅၀၀ ကျပ်ရရှိပြီး ၂၀၁၇ ခုနှစ်တွင် အပူပိုင်းဒေသ၌ တစ်ကေလျှင် ၅၂,၂၁၀ ကျပ်သာ ရရှိပါ သည်။ ၎င်းတို့သည် စိုက်ပျိုးရသည့် အခြေအနေအပေါ်မူတည်ပြီး အပြောင်းအလဲများ ရှိပါသည်။ အလားတူပင် ပဲစဉ်းငုံသည် အိန္ဒိယအစိုးရမှ ပဲတင်သွင်းမှုကို ယာယီပိတ်လိုက်သောကြောင့် ရှမ်းပြည်နယ်ရှိ တောင်သူများအတွက် တစ်ကေလျှင် ၁၃,၆၂၃ ကျပ်သာ ဝင်ငွေရရှိပါသည်။ နှမ်းသည် မိုးရွာချိန်နှင့် မိုးရေချိန်ပမာဏတို့နှင့် အချိန်ကိုက်

စိုက်ပျိုးရသော သီးနှံဖြစ်ပြီး အပူပိုင်းဒေသ၌ အထွက်ကောင်းသောနှစ်သည် အထွက်ညံ့သောနှစ်ထက် ခြောက်ဆပို ထွက်ပါသည် (ဦး ၂၀၁၈)။

Boughton et al. (၂၀၂၀) ၏ တွေ့ရှိချက်အရ အပူပိုင်းဒေသတွင် ပဲနှင့် ဆီထွက်သီးနှံ စိုက်ပျိုးသူများက အထွက်ကောင်းမျိုးဖြစ်သည့် ပဲစဉ်းငုံ ၈ ရာခိုင်နှုန်းနှင့် ကုလားပဲ ၃၇ ရာခိုင်နှုန်း စိုက်ပျိုးကြကြောင်း သိရပါသည်။ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများတွင် အထွက်ကောင်းမျိုး အသုံးပြုမှုသည် နည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမျိုးစေ့များကို တောင်သူများ အမြဲတမ်း မရရှိနိုင်သောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ဖွံ့ဖြိုးမှုနှင့် ပျံ့နှံ့မှုတို့အတွက် ရင်းနှီးမြှုပ်နှံမှု အလွန်နည်းပါးပါသည်။

မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့သည် အပူပိုင်းဒေသတွင် လယ်နှင့်ယာ နှစ်မျိုးလုံးအတွက် သက်ရောက်မှုရှိပါသည်။ မိုးခေါင်မှုသည် ရေသွင်းစိုက်ပျိုးခြင်းမပြုသည့် ယာမြေများတွင် ဖြစ်လေ့ရှိပြီး (၄၁ ရာခိုင်နှုန်း)နှင့် လယ်များတွင် ၂၈ ရာခိုင်နှုန်း ဖြစ်လေ့ရှိပါသည်။ ထို့အပြင် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း နှစ်မျိုးလုံးကြောင့် လယ်များတွင် ၇ ရာခိုင်နှုန်းနှင့် ယာများတွင် ၈ ရာခိုင်နှုန်းခန့် ဆိုးကျိုးသက်ရောက်ခဲ့ပါသည်(Mather et al. ၂၀၁၈)။ ၎င်းစွန့်စားရမှု အခြေအနေသည် တောင်သူများအနေဖြင့်ရေကောင်းစွာ ရရှိသော နေရာများနှင့် ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေ အပြည့်အဝရှိသော  အနေအထားမဟုတ်ပါက အပူပိုင်းဒေသတွင် စိုက်ပျိုးလေ့ရှိသည်အတိုင်း  ပဲနှင့် ဆီထွက်သီးနှံများကို အခြားသီးနှံများနှင့် ရောနှောစိုက်ပျိုးခြင်းနှင့် သီးညှပ်စိုက်ပျိုးသည့် အလေ့အထကို ပြုလုပ်သင့်ကြောင့် မီးမောင်းထိုးပြလျက်ရှိပါသည်။ အဆိုပါအခြေအနေများတွင် ဝင်ငွေများများ ရရှိရေးထက် အခက်အခဲများကို စီမံခန့်ခွဲ ကျော်လွှားခြင်းအဖြစ် တောင်သူများ အနေဖြင့် ရှုမြင်သင့်ပါသည်။

## ၄.၃.၃ ပြောင်း

မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ် ထိုင်းအခြေစိုက် စိုက်ပျိုးစက်မှုကုမ္ပဏီ CP မှ စပ်မျိုးပြောင်းများ စတင်မိတ်ဆက်ခဲ့သည့် အချိန်မှစပြီး ပြောင်းကို အရှိန်အဟုန်ဖြင့် စိုက်ပျိုးခဲ့ကြပါသည်။ နှစ်စဉ်နိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် ၁၉၉၈ ခုနှစ်တွင်ရှိခဲ့သော ၂.၃ မက်ထရစ်တန်ထက် ခုနစ်ဆခန့်တိုးတက်လာပါသည် (USDA ၂၀၂၀)။ ပြောင်းသည် မြေမြင့်ယာများတွင် မိုးသီးနှံဖြစ်သော်လည်း မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသများတွင် နွေပြောင်းအဖြစ် အနည်းငယ် စိုက်ပျိုးခြင်းကို တွေ့ရပါသည်။ ရှမ်းပြည်နယ်၏ပြောင်းစိုက်ပျိုးမှုသည် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်မှု၏ ထက်ဝက် နီးပါးခန့်ရှိပါသည်။

ပြောင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကစိုက်ပျိုးသော သီးနှံတစ်ခုဖြစ်ပြီး မြေယာ ၅၃ ရာခိုင်နှုန်းတွင် စိုက်ပျိုးကြပါသည်။ ၎င်းသည် အလွန်စီးပွားဖြစ်သော သီးနှံဖြစ်ပြီး ပြောင်းအားလုံးနီးပါးကို ရောင်းချရန်အတွက် စိုက်ပျိုးကြကာ စစ်တမ်းကောက်ယူသည့် ဒေသရှိ မြေယာအားလုံးတွင် ရောင်းချရန်အတွက် စိုက်ပျိုးသည့် ပြောင်းသီးနှံများတန်ဖိုးမှာ ၅၄ ရာခိုင်နှုန်း ရှိပါသည်။ ပြောင်းဖူးစေ့ကို မြန်မာနိုင်ငံတွင် အလျင်အမြန်ဖွံ့ဖြိုးလာသည့် တိရိစ္ဆာန်အစာအစာစက်ရုံများသို့ ရောင်းချပြီး (Belton et al. ၂၀၂၀) ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မှတဆင့်အိမ်နီးချင်း တရုတ်နိုင်ငံသို့လည်း တင်ပို့ပါသည်။ မကြာသေးမီအချိန်ထိ တရုတ်ဈေးကွက်သည် မြန်မာနိုင်ငံမှ ပြောင်းထွက်ကုန် ထက်ဝက်ခန့်ကို တင်သွင်းခဲ့ကြပြီး (USDA ၂၀၂၀) ၂၀၁၉ ခုနှစ်၌ တရားမဝင်ကုန်သွယ်မှုကြောင့် တရုတ်နယ်စပ်ကို တာရှည်ပိတ်လိုက်ခြင်းက ထိုင်းနိုင်ငံရှိ ပို့ကုန်ဈေးကွက်အသစ်ကို လမ်းဖွင့်ပေးခဲ့ကာ နှစ်စဉ် မြန်မာပြောင်း ၆၀၀,၀၀၀ မက်ထရစ်တန် ကိုထိုင်းနိုင်ငံသို့ တင်သွင်းရောင်းချပါသည် ( Wai ၂၀၁၉)။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသော အခြားနှံစားသီးနှံ၊ ကောက်ပဲသီးနှံများနှင့် မတူညီဘဲ ပြောင်းမျိုး အတော်များများ

သည်  စပ်မျိုးများ ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင် စစ်တမ်းပြုလုပ်ခဲ့သော ပြောင်းစိုက်တောင်သူ ၈၆ ရာခိုင်နှုန်းသည် စပ်မျိုးများကို စိုက်ပျိုးကြပါသည်။ ပြည်တွင်း ပြောင်းမျိုးစေ့ ဈေးကွက်ကို အစောပိုင်းကာလတွင် CP ကုမ္ပဏီက လွှမ်းမိုးထားသော်လည်း မကြာသေးမီနှစ်များတွင် မတူညီသည့် ကုန်သည်များ ဈေးကွက်အတွင်း အလျင်အမြန် ပျံ့နှံ့လျက်ရှိပြီး CP ၏ဈေးကွက်ရှယ်ယာသည် ၅၀ ရာခိုင်နှုန်းအောက် ကျဆင်းလာပါသည်။ စပ်မျိုးပြောင်းမျိုးစေ့ကို ပြောင်းကုန်သည်များ၊ ပုဂ္ဂလိက စိုက်ပျိုးရေးသွင်းအားစု ရောင်းချသူများထံမှ ဝယ်ယူကြပါသည်။ ဓါတ်မြေဩဇာကို ရှမ်းပြည်နယ်၏ စစ်တမ်းတွင် ပါဝင်ခဲ့သော ပြောင်းစိုက် တောင်သူ ၉၀ ရာခိုင်နှုန်း သုံးစွဲကြပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၏ ပြောင်းအထွက်နှုန်းသည် တစ်ဟက်တာလျှင် ပျမ်းမျှ ၃.၅ တန်ရှိပြီး ၎င်းသည် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ထွက် ပျမ်းမျှအထွက်နှုန်းအောက် ၂၅ ရာခိုင်နှုန်းရှိပါသည် (Fang and Belton ၂၀၂၀)။ ၂၀၁၈ ခုနှစ်တွင် ရှမ်းပြည်နယ်ရှိ ပြောင်းထုတ်လုပ်မှုအတွက် အမြတ်သည် တစ်ဧကလျှင် ၁၆၅,၃၄၄ ကျပ် ရှိပြီး ၎င်းသည် ထိုနှစ်အတွင်း မိုးစပါးမှ ရရှိသော ဝင်ငွေထက် အနည်းငယ်ပိုများပါသည်။ သို့သော်လည်း ၂၀၁၃/၁၄ ခုနှစ် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြောင်းထုတ်လုပ်သူများအတွက် ကမ္ဘာ့ဘဏ်မှ  ပြုစုသည့် ပျမ်းမျှအမြတ်ထက် သုံးဆခန့် နည်းပါးနေပါသည် (World Bank၂၀၁၆)။ ထိုကိန်းဂဏန်းနှစ်ခု၏ ကွာခြားမှုမှာ စစ်တမ်းနှစ်ခု ပြုလုပ်ချိန်တွင် ငွေလဲနှုန်း ကွာခြားမှုကြောင့် လည်းဖြစ်နိုင်ပါသည်။ တစ်နှစ်နှင့် တစ်နှစ် မတူညီသော ပြောင်းဈေးနှုန်း အတက်အကျ၏  သက်ရောက်မှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် တရုတ်ရှိ အဓိက ပို့ကုန်ဈေးကွက်ကို လက်လှမ်းမီမှုသည် အချိန်ကာလအလိုက် မတည်ငြိမ်မှုများ ရှိခြင်းကြောင့် ဖြစ်ပါသည်။

## ၄.၃.၄ ဟင်းသီးဟင်းရွက်များ၊ သစ်သီးများနှင့် သီးနှံများ

ဟင်းသီးဟင်းရွက်များနှင့် သစ်သီးပင်များကို နိုင်ငံအနှံ့ ကျယ်ပြန့်စွာ စိုက်ပျိုးကြပြီး နှစ်မျိုးစလုံးကို စားသုံးရန်နှင့် စီးပွားဖြစ်အတွက် စိုက်ပျိုးကြပါသည်။ သို့သော်လည်း ၎င်းတို့၏ နေရာအလိုက် ပြန့်နှံ့မှုသည် လွန်စွာကွဲပြားပါသည်။ ဒေသတွင်းရှိ အချို့နိုင်ငံများနှင့် ကွာခြားစွာ ရန်ကုန်ကဲ့သို့ အဓိကမြို့တော်များတဝိုက်  မြို့ပြနှင့် ကျေးလက်ကြား ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးခြင်းတွင် အကန့်အသတ် ရှိပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အိမ်ထောင်စု ၈၃ ရာခိုင်နှုန်းတွင် ဥယျာဉ်ခြံငယ်များ ရှိကြပါသည်။ ၎င်းတို့ကို သီးနှံအမျိုးမျိုး စိုက်ပျိုးရန် အသုံးပြုကြပြီး အဓိကအားဖြင့် အိမ်တွင်း စားသုံးရန် ပမာဏအနည်းငယ် စိုက်ပျိုးကြပါသည် (Fang and Belton ၂၀၂၀)။ သို့သော်လည်း မြန်မာနိုင်ငံ၏ အခြား ဒေသများတွင် အိမ်ခြံဝင်း ဥယျာဉ်စိုက်ပျိုးခြင်းများသည် ရှားပါးပါသေးသည် (Pritchard et al. ၂၀၁၈)။

စီးပွားဖြစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်တွင် အလေးထားလုပ်ဆောင်ကြပြီး ၎င်းဒေသတွင် သမပိုင်းရာသီဥတုရှိကာ ဟင်းသီးဟင်းရွက်အမျိုးများစွာ  စိုက်ပျိုးရန် သင့်လျော်ပါသည်။ ၎င်းထွက်ကုန်များကို မြန်မာ ပြည်အနှံ့အပြားသို့ တင်ပို့ကြပါသည်။ မြန်မာနိုင်ငံတွင် မွန်ပြည်နယ်သည် အပူပိုင်းဇုံ သစ်သီးဝလံများကို  အဓိက စိုက်ပျိုးသောဒေသ ဖြစ်ပါသည်။ ရော်ဘာသည် မွန်ပြည်နယ်၏ လုပ်ကွက်ငယ်တောင်သူများ အဓိကစိုက်ပျိုးသော သီးနှံ တစ်ခု ဖြစ်ပါသည်။ ကြက်သွန်နီနှင့် သရက်ကဲ့သို့သော အထူးစီးပွားဖြစ် သီးနှံ စိုက်ပျိုးခြင်းကို အပူပိုင်းဒေသတွင် တွေ့မြင်နိုင်သည်။ ဖရဲသခွားမှာ ယခုအခါ အပူပိုင်းဇုံ၏ အဓိကသီးနှံ ဖြစ်လာပါသည်။ ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့် ဖရဲသခွားပို့ကုန်တန်ဖိုးသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၆၇ သန်းဖြစ်ပြီး ၎င်းတန်ဖိုးသည် ယင်းနှစ် အတွင်း နိုင်ငံ၏ မိရိုးဖလာ ပို့ကုန်ဖြစ်သော စပါးပို့ကုန် တင်ပို့မှုတန်ဖိုး၏ ထက်ဝက်နီးပါး ရှိပါသည် (Kubo ၂၀၁၈)။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အများအပြားကို တင်သွင်းပြီး အထူးသဖြင့် ရာသီအလိုက် သစ်သီးဝလံမလုံလောက်မှုများကို ဖြေရှင်းလေ့ရှိသည်။

သီးနှံမျိုးစုံ စိုက်ပျိုးခြင်းသည် ထုတ်လုပ်မှုလက္ခဏာများကို ယေဘူယျအားဖြင့် ဖေါ်ပြရန် ခက်ခဲပါသည်။ သရက်နှင့် ထောပတ်ကဲ့သို့ အပူပိုင်းဒေသ သစ်သီးဝလံများသည် ရာသီသီးနှံများနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေပိုမို ရရှိစေပါသည်။ သို့သော်လည်း ၎င်းတို့ ပေါများစွာထွက်ရှိသည့် အချိန်များတွင် ဈေးကမောက်ကမ ဖြစ်နိုင်ပါသည်။ ၎င်းသီးနှံများကို ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ခြင်းတွင် အရည်အသွေးမမှီခြင်းများ မကြာခဏ ဖြစ်တတ်ပြီး လေလွင့်မှုများ၊ ဆုံးရှုံးမှုများ ဖြစ်ပွားမှုများပါသည်။ အပူပိုင်း သစ်သီးဝလံအများစု ထုတ်လုပ်မှုသည် ရာသီချိန်ကိုက်ဖြစ်လွန်းပြီး ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ ကဲ့သို့မဟုတ်ပေ။ ၎င်းနိုင်ငံများတွင် ထုတ်လုပ်သည့်ရာသီကို အထွက်ကောင်းမျိုးများ၊ ခေတ်မီနည်း ပညာများကို အသုံးပြုပြီး ဆွဲဆန့်ထားပါသည်။ ဖရဲသခွားထုတ်လုပ်မှုသည် မြန်မာနိုင်ငံရှိ သစ်သီးထုတ်လုပ်မှုများတွင် နည်းပညာ အဆင့်အမြင့်ဆုံး ဖြစ်ပါသည်။ ကွင်းဆင်းမန်နေဂျာများနှင့် ကျွမ်းကျင်သူပညာရှင်များကို တရုတ်ရင်းနှီး မြှုပ်နှံသူများမှ မကြာခဏ ငှားရမ်းရပြီး အရင်းအနှီးနှင့် လုပ်သားအင်အား များပြားစွာသုံးစွဲထားသော ဖရဲသခွား ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို ကြီးကြပ်စေပါသည်။ သို့သော်လည်း ဖရဲသခွားစိုက်ပျိုးမှုသည် တစ်နေ့မှ တစ်နေ့ ဈေး အတက်အကျရှိပြီး စွန့်စားရမှုများပါသည် (Kubo ၂၀၁၈)။

စီးပွားဖြစ်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များသည် အကျိုးအမြတ်ရရှိရန် အလားအလာရှိသော်လည်း စွန့်စားရမှု များကာ ဓါတုပစ္စည်းများနှင့် လုပ်သားအင်အား များစွာလိုအပ်ပြီး သွင်းကုန်များနှင့် ယှဉ်ပြိုင်ရမှုများသောကြောင့် အလွန် အကျံ့ ထုတ်လုပ်မိခြင်းနှင့် ဈေးကျခြင်းများ ကြုံရတတ်ပါသည်။ ဥပမာ ရှမ်းပြည်နယ်ရှိ တောင်သူများသည် တန်ဖိုးမြင့်သီးနှံဟု တစ်ချိန်က သတ်မှတ်ခံထားရသော ကြက်သွန်ဖြူဈေးသည် သမိုင်းတွင် တခါမှမဖြစ်ဖူးသော ပျမ်းမျှ ဈေးအောက်ထိ ထိုးကျသွားခြင်းရှိခဲ့သဖြင့် ရောင်းချရန်ခက်ခဲပြီး အချို့မှာ ထွက်ကုန်များကို လွှင့်ပစ်ခဲ့ရသည်အထိ အလေအလွင့်များ ရှိခဲ့ပါသည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးခြင်းကို လွန်ခဲ့သော ၁၅နှစ်အတွင်း တိုးမြင့်စိုက်ပျိုးလာကြပြီး ၎င်းပြည်နယ် အတွင်း စစ်တမ်းဖြေဆိုခဲ့ကြသော အိမ်ထောင်စုများ၏ ၃၉ ရာခိုင်နှုန်းခန့် စိုက်ပျိုးကြပြီး အဓိကအားဖြင့် မသန့်စင် ရသေးသော ထွက်ကုန်ကို တရုတ်သို့ တင်ပို့ကြပါသည်။ ရော်ဘာ၏ အကျိုးအမြတ်ရရှိမှုသည် ကမ္ဘာ့ကုန်ဈေးနှုန်း ဈေးကွက်နှင့် လိုက်လျောညီထွေစွာ အတက်အကျများပါသည်။ အထွက်ကောင်းမျိုးများ အသုံးပြုခြင်း သို့မဟုတ် အစေးကို ပြုပြင်ထုတ်လုပ်ခြင်းကနဦးအဆင့်တို့ကဲ့သို့သော ထုတ်လုပ်မှု နည်းလမ်းများသည် ဒေသတွင်းရှိ ရော်ဘာ ထုတ်လုပ်သော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်အားနည်းပြီး အရည်အသွေးနိမ့် ထွက်ကုန်များသာ ထွက်ရှိ ပါသည် (van Asselt et al. ၂၀၁၆)။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ခင်းအများအပြားတွေ့ရပြီး အထူးသဖြင့် ပြည်နယ် ၏ တောင်ဘက်အစွန်ဘက်တွင် တွေ့ရပါသည်။ ထို့အပြင် မွန်ပြည်နယ်နှင့် နီးကပ်စွာတည်ရှိသည့် တနင်္သာရီတိုင်း ဒေသကြီး၏ မြေရိယာအမြောက်အများကို ရာဘာစိုက်ခင်းများ၊ ဆီအုန်းခင်းများ တည်ထောင်ရန် ချထားပေးခဲ့ ပါသည်။ ၎င်းသည် မူလပိုင်ဆိုင်သူများကို နေရာရွှေ့ပြောင်းရမှု ဖြစ်စေပြီး သစ်ထုတ်လုပ်မှုအတွက် သစ်တောဧရိယာ အများစုကို ခုတ်လှဲခြင်း ဖြစ်စေခဲ့ပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အနည်းငယ်သာ ရှိခဲ့ပါသည် - ခန့်မှန်းမှုတစ်ခုအရ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးရန် ချထားပေးသောမြေဧက ၁.၆၅ သန်းအနက်မှ ၁၈ ရာခိုင်နှုန်း ကိုသာ ဆီအုန်းစိုက်ပျိုးရန် အသုံးပြုခဲ့ကြောင်း သိရှိရပါသည် (Thein et al. ၂၀၁၈)။

## ၄.၄ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်မှုရှိသော အလုပ်အကိုင်နှင့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ၏ စီးပွားရေး

စိုက်ပျိုးထုတ်လုပ်မှုကို အဓိကအလုပ်ထက် လုပ်ခစား အလုပ်သမားများအဖြစ် လုပ်ကိုင်လေ့ရှိသော လူဦးရေ အချိုးအစား (၅၆ ရာခိုင်နှုန်းနှင့် ၄၂ ရာခိုင်နှုန်း) များသည့် မြစ်ဝကျွန်းပေါ်ဒေသမှလွဲ၍ စစ်တမ်းကောက်ယူခဲ့သည့် ဧရိယာ (၄) ခုစလုံးတွင် တွေ့ရှိရသည့် စိုက်ပျိုးရေးလုပ်ငန်း၌ တိုက်ရိုက် ပါဝင်ပတ်သက်နေသော အိမ်ထောင်စု အရေအတွက်ကို ကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စုများထဲတွင်ပင် စိုက်ပျိုးရေးတွင် လုံးလုံးလျားလျား မှီခိုနေသူသည် များများစားစား မရှိပါ။ အိမ်ထောင်စု အများစုနှင့် တစ်ဦးတစ်ယောက်ချင်းစီသည် အလုပ်အကိုင်မျိုးစုံနှင့် ဝင်ငွေရနည်းလမ်းမျိုးစုံဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ဖြေရှင်းကြပါသည်။ ဥပမာ မြစ်ဝကျွန်းပေါ်ရှိ လူဦးရေထဲမှ အချမ်းသာဆုံး ၂၀ ရာခိုင်နှုန်းထဲတွင် အိမ်ထောင်စု ၂၉ ရာခိုင်နှုန်းသာ စိုက်ပျိုးရေးမှ ရရှိသော ဝင်ငွေအပေါ် လုံးလုံးလျားလျား မှီခိုနေပါသည်။ အဆင်းရဲဆုံး အုပ်စုတွင် စိုက်ပျိုးရေးမှ ရရှိသောဝင်ငွေကို မှီခိုနေရသည့် ကိန်းဂဏန်းသည် ၈ ရာခိုင်နှုန်း သာရှိပါသည် (Htun ၂၀၁၆)။

ဇယား ၅ ဒေသအလိုက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ ဖြစ်တည်နေမှု

| | မွန် ၂၀၁၅ | မြစ်ဝကျွန်းပေါ် ၂၀၁၆ | အပူပိုင်းဒေသ ၂၀၁၇ | ရှမ်း ၂၀၁၈ |
|---|---|---|---|---|
| **လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော အိမ်ထောင်စုများ (%)** | | | | |
| သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်း | ၅၁ | ၄၂ | ၅၇ | ၈၂ |
| ၎င်း၏ လုပ်ခစား အလုပ်သမား | ၄၂ | ၅၆ | ၅၅ | ၆၁ |
| စိုက်ပျိုးရေး | ၂၂ | ၄၂ | ၄၈ | ၅၃ |
| စိုက်ပျိုးရေး မဟုတ်သောလုပ်ငန်း | ၂၈ | ၁၇ | ၁၄ | ၂၀ |
| လခစားဝန်ထမ်း | ၈ | ၆ | ၈ | ၇ |
| စိုက်ပျိုးရေး မဟုတ်သော စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်ခြင်း | ၂၉ | ၂၁ | ၂၁ | ၁၆ |
| ငွေလွှဲလုပ်ငန်း | ၃၃ | ၁၅ | ၃၁ | ၁၄ |
| တိရိစ္ဆာန်ရောင်းချခြင်း | ၂၅ | ၂၂ | ၂၁ | ၅၂ |
| ရေလုပ်ငန်း | ၀ | ၆ | ၀ | ၀ |
| သဘာဝသယံဇာတ | ၁၀ | ၆ | ၃ | ၅ |
| **လုပ်ငန်းများမှ စုစုပေါင်း ရရှိသော အိမ်ထောင်စုဝင်ငွေ (%)** | | | | |
| သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်း | ၂၄ | ၂၀ | ၃၇ | ၄၇ |
| ၎င်း၏ လုပ်ခစား အလုပ်သမား | ၁၅ | ၁၅ | ၂၁ | ၁၂ |
| စိုက်ပျိုးရေး | ၆ | ၁၁ | ၁၆ | ၇ |
| စိုက်ပျိုးရေး မဟုတ်သောလုပ်ငန်း | ၉ | ၄ | ၅ | ၅ |
| လခစားဝန်ထမ်း | ၅ | ၃ | ၅ | ၈ |
| စိုက်ပျိုးရေး မဟုတ်သော စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်ခြင်း | ၁၈ | ၃၄ | ၁၈ | ၁၃ |
| ငွေလွှဲလုပ်ငန်း | ၂၅ | ၃ | ၁၃ | ၈ |
| တိရိစ္ဆာန်ရောင်းချခြင်း | ၁ | ၁ | ၅ | ၁၀ |
| ရေလုပ်ငန်း | ၀ | ၁၉ | ၀ | ၀ |
| သဘာဝသယံဇာတ | ၁၂ | ၆ | ၁ | ၁ |

အရင်းအမြစ်- စစ်တမ်းအချက်များအပေါ် စာရေးသူ၏ ဆန်းစစ် သုံးသပ်ချက်


မြေယာပိုင်ဆိုင်မှု မတူညီကြခြင်းက မြေဧရိယာအများဆုံးပိုင်ဆိုင်သော အိမ်ထောင်စုများမှလွဲ၍ အခြားအိမ်ထောင်စုများအားလုံးအတွက် စိုက်ပျိုးရေးနှင့် ဆက်စပ်သော အလုပ်အကိုင်များက အရေးကြီးသောလုပ်ငန်း ဖြစ်လာစေပါသည်။ သို့သော်လည်း ကျေးလက်အလုပ်အကိုင် အများစုသည် စိုက်ပျိုးရေးနှင့် ဆက်စပ်နေပြီး စိုက်ပျိုးရေး လုပ်ငန်းခွင်

တွင် နေ့စားလုပ်ကိုင်ခြင်းသည် မွန်ပြည်နယ် မှလွဲ၍ ကျန်ဒေသအားလုံးတွင် မြေမဲ့ယာမဲ့ အိမ်ထောင်စုများနှင့် ဧက အနည်းငယ်သာ လုပ်ကိုင်သော အိမ်ထောင်စုများအတွက် အရေးပါသော ဝင်ငွေရလမ်း ဖြစ်ပါသည် (ဇယား-၅)။ တစ်ခါ တစ်ရံ အလုပ်အကိုင်အရ ကျား-မရေးရာခွဲခြားမှုနှင့် ကျား-မရေးရာအပေါ် အခြေခံပြီး လုပ်အားခ ကွာခြားချက်တို့ သည် အတိုင်းအတာတစ်ခု ထိရှိသော်လည်း စိုက်ပျိုးရေး လုပ်အားခများသည် ၎င်းတို့၏ လုပ်ငန်းအနေအထားအရ ကျား-မရေးရာ ရှုဒေါင့်မှ ကြည့်လျှင် သင်တင့်ညီမျှမှု ရှိပါသည်။ လူအင်အားစိုက်ထုတ်ရသော ဆောက်လုပ်ရေး လုပ်ငန်း၊ လက်သမား၊ ကုန်ထမ်းခြင်း ကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းမဟုတ်သော အလုပ်များတွင် ကျဘမ်းလုပ်ကိုင် ခြင်းကို အမျိုးသားများက ပိုမိုပါဝင်လုပ်ကိုင်လေ့ရှိပါသည်။

စိုက်ပျိုးရေးနှင့် မဆက်စပ်သည့် လုပ်ငန်းများတွင် မိမိကိုယ်ပိုင်လုပ်ကိုင်ခြင်းကို ယေဘူယျအားဖြင့် စစ်တမ်း ကောက်ယူသည့် ဒေသအားလုံးတွင် တွေ့ရပါသည်။ ရှမ်းပြည်နယ်တွင် အဆိုပါလုပ်ငန်းလုပ်ကိုင်မှုကို တွေ့ရှိရမှု နည်းပါးပြီး (၁၆ ရာခိုင်နှုန်း)နှင့် မွန်ပြည်နယ်တွင် အများဆုံး (၂၉ ရာခိုင်နှုန်း) ဖြစ်ပြီး ကျေးလက်ဒေသ၏ စိုက်ပျိုးရေး နှင့်မဆိုင်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို ကွဲပြားခြားနားခြင်း၏ အကျိုးဆက်အဖြစ် တွေ့ရပါ သည် (ဇယား-၅)။ အမျိုးသားများနှင့် အမျိုးသမီးများသည် စိုက်ပျိုးရေး မဟုတ်သော အလုပ်အကိုင်များတွင် အချိုးကျ ပါဝင်လုပ်ကိုင်ကြပါသည်။ သို့သော်လည်း အမျိုးသားများသည် စက်ကိရိယာ ငှားရမ်းခြင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှု စရိတ် မြင့်မားပြီး ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများကို ပိုမိုပိုင်ဆိုင်နိုင်ပြီး အမျိုးသမီးများသည် အစား အသောက် လက်လီရောင်းချသော လုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်း အသေးစားများကို ပိုမိုပိုင်ဆိုင်ကြပါသည် (Aung et al. ၂၀၁၉)။

စီးပွားရေးလုပ်ငန်းတစ်ခု၏ အမျိုးအစားနှင့် အရွယ်အစားသည် အိမ်ထောင်စု၏ အရင်းအမြစ်များနှင့် ဆက်စပ် မှုရှိသော်လည်း အိမ်ထောင်စုတစ်ခု၏ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းကို လုပ်ကိုင်နိုင်ခြေသည် မြေယာပိုင်ဆိုင်မှု နှင့် တိုက်ရိုက်မဆက်စပ်ပါ။ ကျေးလက်ဒေသရှိ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှာ အလွန်သေးငယ်ပြီး မိသားစု လုပ်အားဖြင့် လုပ်ကိုင်ကြပါသည်။ ဥပမာ အပူပိုင်းဒေသတွင် စစ်တမ်းဖြေဆိုခဲ့သော အဆိုပါစီးပွားရေးတွင် လုပ်ကိုင်နေသူများ၏ ၂၁ ရာခိုင်နှုန်းသည် အငှားလုပ်ကိုင်ရသော အလုပ်သမားများ ဖြစ်ကြပါသည်(Zu et al. ၂၀၁၇)။ စိုက်ပျိုးရေး မဟုတ်သောလုပ်ငန်း အရေအတွက်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လျင်မြန်စွာ တိုးတက်ခဲ့ပါ သည်(ပုံ-၄)။

**ပုံ ၄ ၂၀၁၁ နှင့် ၂၀၁၆/၁၇ အတွင်း မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသ၏ တစ်ရွာစီအလိုက်ရှိသော စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများ ပျမ်းမျှ အရေအတွက်နှင့် ရာခိုင်နှုန်း ပြောင်းလဲမှုတို့ကို လုပ်ငန်းအမျိုးအစားအလိုက် ဖော်ပြခြင်း***




အရင်းအမြစ်- စစ်တမ်းအချက်အလက်များအပေါ် စာရေးသူများ၏ ဆန်းစစ်သုံးသပ်ချက်
မှတ်ချက်- *ဤကဲ့သို့သော စီးပွားရေးလုပ်ငန်းတစ်ခုရှိမှုအခြေအနေပေါ် မူတည်ခြင်း

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြသော မိသားစုဝင်များထံမှ ငွေလွှဲပို့ခြင်းသည် မွန်ပြည်နယ်နှင့် အပူပိုင်းဒေသ၏ သိသာထင်ရှားသော ဝင်ငွေ အရင်းအမြစ်တစ်ခု ဖြစ်ပြီး အိမ်ထောင်စု ၃၀ ရာခိုင်နှုန်းကျော်က အဆိုပါဝင်ငွေရရှိကြပါသည်။ ပို့ငွေရရှိခြင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် နည်းပါး ပါသည်။ ၎င်းဒေသများတွင် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြမှု နည်းပါးပါသည်။ တိရိစ္ဆာန်မွေးမြူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်တွင် အများဆုံး တွေ့ရပြီး ၅၂ ရာခိုင်နှုန်းခန့်သည် ရောင်းချရန်အတွက် တိရိစ္ဆာန်မွေးမြူကြပါသည်။ ကျန်စစ်တမ်းကောက်ယူသည့် ဒေသ ၃ ခုတွင် ၂၀ ရာခိုင်နှုန်းကျော်ခန့်သာ ရှိပါသည်။

လခစားအလုပ်သည် စစ်တမ်းကောက်ယူသည့်ဒေသအားလုံးတွင် အချိုးတူညီကြပြီး ၇ ရာခိုင်နှုန်းရှိပြီး ကျား-မ တန်းတူညီမျှမှုသည် အမျိုးသမီးများဘက်သို့ ပိုမိုအလေးသာနေပါသည်။ အမျိုးသမီးများသည် ကျောင်းဆရာမ အလုပ်ကို များစွာလုပ်ကိုင်ကြပြီး ၎င်းသည် ကျေးလက်ဒေသတွင် အများဆုံးတွေ့ရလေ့ရှိသော လခစားအလုပ် အမျိုးအစား ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် ထင်းခွေခြင်း၊ ဝါးခုတ်ခြင်း၊ သစ်မဟုတ်သော သစ်တောထွက်ကုန်များ ရှာဖွေ ရယူခြင်း သို့မဟုတ် ငါးဖမ်းခြင်းစသည့် သဘာဝသယံဇာတကို ထုတ်ယူသုံးစွဲမှုတွင် ပါဝင်လုပ်ကိုင်ခြင်းကို အပူပိုင်း ဒေသမှလွဲပြီး ကျန်ဒေသများတွင် တွေ့ရလေ့ရှိပါသည်။ သို့သော်လည်း ၎င်းလုပ်ငန်းများသည် အိမ်တွင်းသုံးစွဲမှု အတွက် အဓိကလုပ်ကိုင်ခြင်းဖြစ်ပြီး အိမ်ထောင်စု အနည်းငယ်သာ စီးပွားဖြစ် လုပ်ကိုင်ကြပါသည်။ အဓိက ချွင်းချက်မှာ မွန်ပြည်နယ်ဖြစ်ပြီး ၎င်းတွင် အိမ်ထောင်စု၏ ၁၁ ရာခိုင်နှုန်းသာ ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် စီးပွားဖြစ် ပါဝင်လုပ်ကိုင်ကြပါသည် (ဇယား-၅)[1]။ စီးပွားဖြစ် သဘာဝသယံဇာတ ထုတ်ယူသူအများစုမှာ အမျိုးသားများဖြစ်ပြီး အပူပိုင်းဒေသတွင် ၇၂ ရာခိုင်နှုန်းရှိပါသည်(Zu et al. ၂၀၁၇)။

## ၄.၅ ဝင်ငွေရရှိပုံအနေအထားနှင့် လုပ်ခများ

ပထဝီအနေအထား ကွာခြားမှုအရ စိုက်ပျိုးမြေ လက်လှမ်းမီမှု၊ စိုက်ပျိုးရေးလုပ်ငန်း၏ အလားအလာ၊ ကျေးလက်ရှိ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများတိုးတက်မှု အတိုင်းအတာနှင့် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်း အခြေအနေများပေါ် မူတည်၍ ကျေးလက်ဝင်ငွေရရှိမှု အနေအထား အချိုးအစားတို့သည် ဒေသအလိုက်ကွဲပြားသည်။ အကျယ်အားဖြင့် ရှမ်းပြည်နယ်သည် စိုက်ပျိုးရေး အဖြစ်ထွန်းဆုံးဖြစ်ပြီး မွန်ပြည်နယ်တွင် သီးနှံစိုက်ခင်း အနည်းဆုံး ဖြစ်ကာ ရှမ်းပြည်နယ်ရှိ စစ်တမ်းကောက်ယူခဲ့သည့်ဒေသများ၏ ကျေးလက်ဝင်ငွေတွင် ပါဝင်မှုသည် (၄၇ ရာခိုင်နှုန်း) ဖြစ်ပြီး မွန်ပြည်နယ်၏ နှစ်ဆခန့်ဖြစ်ပါသည် (၂၄ ရာခိုင်နှုန်း)။ အပူပိုင်းဒေသတွင် သီးနှံစိုက်ပျိုးခြင်းမှ ရရှိသော ဝင်ငွေ၏ ပါဝင်မှုသည် ၃၇ ရာခိုင်နှုန်းရှိပါသည်။ မြစ်ဝကျွန်းပေါ်၏ စုစုပေါင်းဝင်ငွေ၌ စိုက်ပျိုးရေးမှ ရရှိသော ဝင်ငွေအချိုးအဆသည် ၂၀ ရာခိုင်နှုန်းသာရှိပြီး ၎င်းသည် မြေမဲ့ယာမဲ့များပြားမှုကြောင့်သာမက စစ်တမ်းကောက်ယူမှု တွင် ငါးမွေးမြူခြင်းကို ပိုမိုလုပ်ကိုင်သော ကျေးရွာအုပ်စုအချို့အား ရွေးချယ်ခဲ့မှုကြောင့်လည်း ဖြစပါသည်။ ငါးပုစွန် မွေးမြူခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိ စစ်တမ်းကောက်ယူသည့်ဒေသတွင် ကျေးလက်ဝင်ငွေ၏ ၁၉ ရာခိုင်နှုန်းရှိပြီး ၎င်းသည် မြစ်ဝကျွန်းပေါ်တစ်ခုလုံးကို ကိုယ်စားမပြုပါ။

ငွေလွှဲပို့ခြင်းများနှင့် စိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်များတွင် ကိုယ်တိုင်လုပ်ကိုင်ခြင်းသည် ရှမ်းပြည် နယ်တွင် နည်းပါးပါသည် (စုစုပေါင်း ၂၁ ရာခိုင်နှုန်း)။ သို့သော်လည်း မွန်ပြည်နယ်တွင် များပြားကာ (စုစုပေါင်း ၄၃

[1] မြစ်ဝကျွန်းပေါ်ရှိ ကျွန်ုပ်တို့၏ စစ်တမ်းသည် ကမ်းရိုးတန်းဒေသများ မပါဝင်သဖြင့် ဇုန်တစ်ခုလုံးတွင် စီးပွားဖြစ်ငါးဖမ်းခြင်း၏ အရေးပါပုံကို အပြည့်အဝ ကိုယ်စား ပြုနိုင်မည် မဟုတ်ပါ။

ရာခိုင်နှုန်း)နှင့် အပူပိုင်းဒေသတွင်လည်း များပြားလာပါသည် (၃၁ ရာခိုင်နှုန်း)။ ဝင်ငွေစုစုပေါင်းတွင် စိုက်ပျိုးရေးလုပ်သားအဖြစ် လုပ်ကိုင်ခြင်းမှ ရရှိသောဝင်ငွေသည် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသတွင် အများဆုံးဖြစ်ကာ ၎င်းဒေသများသည် ရှမ်းပြည်နယ်နှင့် နှိုင်းယှဉ်ပါက မြေမဲ့ယာမဲ့ ပိုများပါသည်။ သို့သော်လည်း အဆိုပါဒေသများတွင် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ခြင်းကဲ့သို့ စိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင် အခွင့်အလမ်းများမှ ရရှိသော အကျိုးအမြတ်သည် မွန်ပြည်နယ်ထက် နည်းပါသည်။

ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း အပါအဝင် စိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်များတွင် ပါဝင်မှုအတိုင်းအတာသည် ဒေသများအကြား သိသာထင်ရှားသော ပျမ်းမျှဝင်ငွေ ခြားနားမှုကို ဖြစ်စေပါသည်။ ဥပမာ စိုက်ပျိုးရေးမှ ရရှိသော ပျမ်းမျှဝင်ငွေသည် ရှမ်းပြည်နယ်နှင့် အပူပိုင်းဒေသတွင် တူညီပါသည်။ သို့သော်လည်း အပူပိုင်းဒေသတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမဟုတ်သော အရင်းအမြစ်မှရရှိသော ပျမ်းမျှဝင်ငွေသည် ၆၇ ရာခိုင်နှုန်းဖြစ်ပြီး ရှမ်းပြည်နယ်ထက် များပြားကာ အပူပိုင်းဒေသ၏ လူတစ်ဦးချင်း ဝင်ငွေသည် ၃၈ ရာခိုင်နှုန်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းထက် မြင့်မားပါသည် (ဇယား-၆)။

**ဇယား ၆ ရှမ်းပြည်နယ်နှင့် အပူပိုင်းဒေသရှိ သီးနှံစိုက်ပျိုးခြင်းနှင့် သီးနှံစိုက်ပျိုးခြင်း မဟုတ်သောလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေစုစုပေါင်း၏ ပျမ်းမျှကိန်းနှင့်အလယ်ကိန်း (လူတဦးချင်းဝင်ငွေ၏ မြန်မာကျပ်ငွေဖြင့်)**

| အမျိုးအမည် | ရှမ်း | | အပူပိုင်းဒေသ | |
|---|---|---|---|---|
| | ပျမ်းမျှကိန်း | အလယ်ကိန်း | ပျမ်းမျှကိန်း | အလယ်ကိန်း |
| စုစုပေါင်းဝင်ငွေ | ၄၄၁,၈၆၂ | ၂၆၀,၀၃၇ | ၆၀၈,၇၇၁ | ၄၀၆,၆၆၇ |
| သီးနှံမှဝင်ငွေ | ၂၀၅,၄၄၅ | ၆၉,၆၄၆ | ၂၁၃,၁၃၃ | ၁၁,၂၅၀ |
| သီးနှံမဟုတ်သောဝင်ငွေ | ၂၃၆,၄၁၇ | ၉၇,၅၀၀ | ၃၉၅,၆၃၇ | ၂၆၂,၀၆၄ |

အရင်းအမြစ်- စစ်တမ်းအချက်အလက်များအပေါ် စာရေးသူများ၏ ဆန်းစစ်သုံးသပ်ချက်


မှတ်ချက်- အကြွမ်းမဲ့ ပျမ်းမျှကိန်း (သီးနှံ သို့မဟုတ် သီးနှံမဟုတ်သော လုပ်ငန်းများမှ ဝင်ငွေရရှိသော အိမ်ထောင်စုအားလုံး ပါဝင်ပါသည်)

စိုက်ပျိုးရေးနှင့်ဆက်စပ်သော အလုပ်များတွင် ပါဝင်လုပ်ကိုင်မှု မြင့်မားလာခြင်းသည် ကျေးလက်လုပ်အားခများသည် ဝင်ငွေအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သော ပြယုဒ်ဖြစ်ပြီး အထူးသဖြင့် မြေယာမဲ့များနှင့် ဧကအနည်းငယ်သာ လုပ်ကိုင်ကြပြီး ကျဘမ်းအလုပ်အပေါ်တွင် မှီခိုနေရသော မိသားစုဝင်များအတွက် အရေးကြီးပါသည်။ လုပ်ခနှုန်းထားများသည် စိုက်ပျိုးရေး၏ အမြတ်အစွန်းနှင့် တိုက်ရိုက်ဆက်စပ်နေပြီး လုပ်အားခများသည် ထုတ်လုပ်မှုစရိတ်၏ သိသာသော အတိုင်းအတာတစ်ခုထိ ပါဝင်ပါသည်။ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသတွင် ပြုလုပ်ခဲ့သော စစ်တမ်းအရ ကျေးလက် လုပ်အားခများသည် (ငွေကြေးဖေါင်းပွမှုကို ထိန်းညှိပေးခြင်း) စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်သည့်ကာလ ၂၀၁၀ အလွန်တွင် တဟုန်ထိုးခုန်တက်သွားပြီး ၃၉ ရာခိုင်နှုန်းနှင့် ၃၇ ရာခိုင်နှုန်း အသီးသီးရှိပါသည် (ပုံ-၅)။ ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်ရှိ လုပ်အားခများသည် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသတို့နှင့် နှိုင်းယှဉ်ပါက မြင့်မားပါသည်။ သို့သော် လည်း ရှမ်းပြည်နယ်သည် အပူပိုင်းဒေသတွင်ရှိသော အဆင့်ကို ရောက်ရှိရန် ၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သော ၂၀၁၇ ခုနှစ်ထိ အနည်းငယ်သာ အပြောင်းအလဲရှိပါသည်။

၂၀၁၀ ခုနှစ်ကတည်းက အမှန်တကယ်ပေးရသော ကျေးလက်လုပ်အားခ သိသာစွာတိုးတက်လာမှုသည် ထိုကာလအတွင်း ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှု အရှိန်အဟုန်များလာခြင်းနှင့် ဆက်စပ်ပါသည်။ ယင်းကာလတွင် စိုက်ပျိုးရေးလုပ်သားများ လိုအပ်မှု အမြင့်ဆုံးသို့ ရောက်ရှိကာလဖြစ်သောကြောင့် လုပ်သားပြတ်လပ်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ မူလတန်းလွန်ပညာရေးကို တိုးမြှင့်လိုက်ခြင်းသည်လည်း လုပ်ငန်းခွင်ဝင်ရန် နှောင့်နှေးမှုများနှင့် လုပ်ခလစာပိုမိုကောင်းမွန်စွာရနိုင်သော အလားအလာရှိသော ပညာတတ်လုပ်သား အင်အားများမွေးထုတ်ပေးခြင်း နှစ်မျိုးလုံးကို

ဖြစ်စေပါသည် (c.f. Lui et al. ၂၀၂၀, for Vietnam)။ ဥပမာ - အပူပိုင်းဒေသရှိ ၁၇ နှစ်အရွယ် ကလေးများတွင် ၇တန်းအောင်ပြီးသော ကလေးများသည် ၂၀၁၀ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပါသည်(Belton and Filipski ၂၀၁၉)။

### ပုံ ၅ မြစ်ဝကျွန်းပေါ်(၂၀၁၁-၂၀၁၆)၊ အပူပိုင်းဒေသ(၂၀၁၂-၂၀၁၆)နှင့် ရှမ်းပြည်နယ်(၂၀၁၂-၂၀၁၇)တို့တွင်ရှိသော စိုက်ပျိုးရေး ကျဘမ်းလုပ်သားများအတွက် အမှန်တကယ် ပျမ်းမျှနေ့တွက်လုပ်အားခ (ကျပ်ငွေဖြင့်)*




အရင်းအမြစ် - စစ်တမ်းအချက်အလက်များအပေါ် စာရေးသူများ၏ ဆန်းစစ်သုံးသပ်ချက်။
မှတ်ချက် *မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသတို့တွင် ၂၀၁၆ ခုနှစ်အတွင်း ရာသီအားလုံးအတွက် ဈေးနှုန်းတွက်ချက်မှုသည် ပုံသေဖြစ်ပါသည်၊ ရှမ်းပြည်နယ်တွင် မိုးရာသီအတွက် ဈေးနှုန်းတွက်ချက်မှုသည် ပုံသေဖြစ်ပါသည်။

၂၀၁၁ ခုနှစ်ကတည်းက လုပ်ခနှုန်းထားများ တိုးတက်လာခြင်းသည် စက်မှုလယ်ယာ လျှင်မြန်စွာ ထွန်းကားစေရန် အထောက်အကူပြု တွန်းအားပေးသကဲ့သို့ ဖြစ်လာခဲ့ပါသည် (Win et al. ၂၀၁၈)။ သို့သော်လည်း အပူပိုင်းဒေသတွင် စက်မှုလယ်ယာသည် စရိတ်များ မြင့်တက်လာသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများက ပေးချေရသောစရိတ်ကို အပြည့်အဝ ကာမိစေရန်လောက်သော စုဆောင်းမှုများကို မရရှိကြပါ။ Belton and Filipski (၂၀၁၉) က ၎င်းသည် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးတို့အကြား အတိုးအလျော့ အပြောင်းအလဲအဖြစ် ရှိလာပြီး၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းအားသည် ထုတ်လုပ်ပိုကောင်းသောမှု ကဏ္ဍများနှင့် နှိုင်းယှဉ်ပါက ကျဆင်းလာခြင်းကိုဖော်ပြနေကြောင်း တင်ပြထားပါသည်။ ဤဖွံ့ဖြိုးတိုးတက်မှုပုံစံသည် မြေယာ ပိုင်ဆိုင်သူနှင့် မြေယာမဲ့တို့အကြား စီးပွားရေးအခြေအနေ အပြောင်းအလဲကို ဖြစ်ပေါ်စေပြီး မြေယာမဲ့များအတွက် အကျိုးပိုဖြစ်ထွန်းစေပါသည်။

၎င်းရလဒ်သည် စိုက်ပျိုးရေးကဏ္ဍရေရှည် ရှင်သန်ရန်အတွက် အတားအဆီးတစ်ခုဖြစ်နိုင်သည်ဟု ရှုမြင်ရသော်လည်း အရင်းအမြစ်များ ပိုင်ဆိုင်မှုနည်းပါးသော အိမ်ထောင်စုအချို့၏ စီးပွားရေးအခြေအနေနှင့် ရွှေ့လျားသွားလာမှု တိုးတက်လာခြင်းကိုမူအပြုသဘောဆောင်ပံ့ပိုးပေးပါသည်။ ထို့ကြောင့် မြေယာမဲ့များ၏ အလယ်အလတ်ဝင်ငွေသည် ၎င်းသည် အပူပိုင်းဒေသရှိ ကျေးလက် ပျမ်းမျှအိမ်ထောင်စု၏ပျမ်းမျှဝင်ငွေအောက် ၁၃ ရာခိုင်နှုန်းသာ နည်းပါးပါသည် (Belton and Filipski ၂၀၁၉)။ အလားတူ ရှမ်းပြည်နယ်တောင်ပိုင်းတွင် စိုက်ပျိုးရေး မဟုတ်သော အခြားအလုပ်အကိုင်ပြုလုပ်သည့် အိမ်ထောင်စုများ၏ လူတစ်ဦးချင်းဝင်ငွေသည် ပြောင်းစိုက်ပျိုးသော အိမ်ထောင်စုများထက် ၁၆ ရာခိုင်နှုန်း နည်းပါးပါသည်။ ၎င်းတွေ့ရှိမှုနှစ်ခုက ကျေးလက်ဝင်ငွေရရှိမှု အလားအလာများသည် မြေပိုင်ဆိုင်မှုနှင့် ဆက်စပ်မှုမရှိကြောင်း ဖော်ပြနေပါသည်။

သို့သော်လည်း ဒေသအားလုံး၌ စိုက်ပျိုးရေးလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သော ကျား-မ လုပ်အားခကွာခြားချက်များ သိသာစွာရှိပါသည်။ ကွာခြားချက်သည် ရှမ်းပြည်နယ်ရှိ ပြောင်းနှင့် ပဲစဉ်းငုံစိုက် အလုပ်သမားများတွင် အနည်းဆုံးဖြစ်ပြီး အမျိုးသမီးအလုပ်သမားများ၏ တစ်နေ့လုပ်အားခသည် အမျိုးသားများ၏ ၈၉ ရာခိုင်နှုန်းသာ ရရှိကြပါသည်။ သို့သော်လည်း အပူပိုင်းဒေသတွင် အမျိုးသမီးများသည် တူညီသောအလုပ်ချိန်အတွက် စိုက်ပျိုးရေး လုပ်အားခအဖြစ် အမျိုးသားများရသော လုပ်အားခ၏ ၈၁ ရာခိုင်နှုန်းကိုသာ မျှော်လင့်၍ရပါသည်။ သီးနှံအလိုက် လယ်ယာအလုပ်တာဝန်၊ မှုတို့နှင့်ပတ်သက်၍ ကျား-မဆိုင်ရာ တာဝန်ခွဲဝေမှုနှင့် ဆက်စပ်ကြောင်း ရှင်းလင်းချက်များ ဖော်ပြကြသော်လည်း ထိုသို့ကွာခြားချက်များ ဖြစ်ရခြင်း အကြောင်းရင်းမှာ ရှင်းလင်းမှုမရှိပါ။ အမျိုးသားနှင့် အမျိုးသမီး များ၏ အမှန်တကယ်လုပ်အားခသည် လျှင်မြန်စွာ တိုးတက်နေသော်လည်း ကျား-မရေးရာကွာခြားချက်သည် ဆက်လက်တည်ရှိနေပြီး အနည်းငယ်သာ ပြောင်းလဲမှု ရှိပါသည်။

## ၅။ ကျေးလက်ဝင်ငွေများ တိုးတက်စေရန် အခွင့်အလမ်းများနှင့် အတားအဆီးများ

ဤစာတမ်း၏ နောက်ဆုံးအခန်းအဖြစ် စစ်တမ်း ကောက်ယူခဲ့သည့် ဇုံလေးခု၏ ဝိသေသလက္ခဏာများနှင့် လတ်တလောပြောင်းလဲမှု သဘောသဘာဝများကို ထည့်သွင်းစဉ်းစားကာ လေ့လာခဲ့သော ရလဒ်များအပေါ် အခြေခံ၍ ကျေးလက်ဝင်ငွေတိုးခြင်းအတွက် အဓိကအခွင့်အလမ်းများနှင့် ကန့်သတ်ချက်များကို စိစစ် ဖော်ထုတ်ထားပါသည်။ လက်ရှိ မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးရလဒ်များကို ထည့်သွင်းစဉ်းစားကာ စိုက်ပျိုးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းတို့၏ ကွာခြားမှုတို့ကို စိုက်ပျိုးရေးကဏ္ဍ၏ ရှေ့အနာဂတ် အလားအလာများအဖြစ် ဆန်းစစ်ထားပါသည်။

ပထမဦးစွာ လယ်ယာသီးနှံအများစု စိုက်ပျိုးထုတ်လုပ်ခြင်းသည် စီးပွားရေးဖြစ် စိုက်ပျိုးထုတ်မှုအဖြစ် အခိုင်အမာ ရှိနေပါသည် (စပါးစိုက်ပျိုးခြင်း တစိတ်တပိုင်း ချွင်းချက်အဖြစ်ဖြင့်)။ ထုတ်ကုန်ဈေးကွက် အများစုသည် ကျိုးကြောင်း ဆီလျော်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး တောင်သူအများစုသည် လယ်ယာသုံးစက်ကိရိယာများ အပါအဝင် သွင်းအားစု များကို လက်လှမ်းမီကြပါသည်။ ထို့ကြောင့် တောင်သူများကို ဈေးကွက်နှင့် ချိတ်ဆက်ပေးရန် အနည်းငယ်သော အားထုတ်မှု လိုအပ်ပါသည်။ သို့သော်လည်း ထုတ်ကုန်အဆင့်မြှင့်တင်မှု သို့မဟုတ် ထုတ်ကုန်များကို ခြေရာခံလိုက် နိုင်စွမ်း စသည်ဖြင့် လုပ်ငန်းစဉ် အဆင့်မြှင့်တင်ခြင်းကဲ့သို့သော ထုတ်ကုန်အရည်အသွေးနှင့် ထုတ်လုပ်မှုလုပ်ငန်း စဉ်များကို တိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဈေးကွက်သစ် သို့မဟုတ် ပိုမိုတန်ဖိုးမြင့်သော ဈေးကွက် သို့ဝင်ရောက်ရန် လွယ်ကူချောမွေ့စေမည် ဖြစ်ပါသည်။

ဒုတိယအနေဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးသော အချို့ကောက်ပဲသီးနှံများသည် ဒေသတွင်း အခြားနိုင်ငံများ လောက်ဖြစ်ထွန်းမှုမရှိသောကြောင့် အထွက်နှုန်းနှင့် ဝင်ငွေကွာခြားချက်များနည်းပါးစေရန်ကို သုတေသနများ၊ တိုးချဲ့ ပညာပေးခြင်းများ၊ အထွက်ကောင်းမျိုးစေ့များကို လက်လှမ်းမီခြင်း သို့မဟုတ် သွင်းအားစုကို ပိုမိုထိရောက်စွာ အသုံးပြုစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်းတို့ဆောင်ရွက်ပေးရန် အကြံပြုထားပါသည်။ သို့သော်လည်း အထူးသဖြင့် မိုးကောင်းသောက်ဒေသဖြစ်သော အပူပိုင်းဒေသတွင် ရာသီဥတု ပြောင်းလဲမှုသည် သီးနှံအထွက်နှုန်းနှင့် အမြတ်အစွန်း ရရှိနှုန်းကို အဆုံးအဖြတ်ပေးသော အရေးကြီးသော အချက် ဖြစ်ပါသည်။ မိုးရေကို အားကိုးရသော အနေအထားဖြင့် သီးနှံအများစု စိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံရသော စွန့်စားရမှုနှုန်း မြင့်မားခြင်းကြောင့် စီးပွားရေး တွက်ခြေကိုက်သည့် အနေအထားအထိ သွင်းအားစုများကို အသုံးပြုနိုင်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အဟန့်

အတား ဖြစ်စေပါသည်။ ထို့အပြင် မြေယာပိုင်ဆိုင်မှု မညီမျှခြင်းများသည် အထွက်ကောင်းမျိုးနှင့် နည်းပညာများ အသုံးပြုခြင်းမှ ရရှိလာသော အထွက်နှုန်းအများစုသည် တောင်သူကြီးများကိုသာ အကျိုးဖြစ်ထွန်းစေပြီး မြေကော အနည်းငယ်သာရှိသော တောင်သူငယ်များက နှစ်တိုးအကျိုးအမြတ် အနည်းငယ်ကိုသာ ခံစားရပါမည်။ ယင်းအချက် များကြောင့် လက်ရှိသီးနှံများ၏ ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန် အာရုံစိုက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက် ဝင်ငွေကို ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေသည့် ရလဒကိုရရှိနိုင်မည် မဟုတ်ပေ။ ငါး၊ ကြက် သို့မဟုတ် ဖရဲသခွား ကဲ့သို့သော တန်ဖိုးမြင့်သီးနှံများနှင့် ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ခြင်းသည် အလုပ်အကိုင် ချိတ်ဆက်မှုများ မှတစ်ဆင့် တန်ဖိုးကွင်းဆက်တစ်လျှောက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသဖြင့် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းထက် အလားအလာ ပိုကောင်းစေမည် ဖြစ်ပါသည်။

သင့်လျော်သော မြေမျက်နှာသွင်ပြင်၊ မြေအောက်ရေနှင့် ရေမြောင်းများမှ ရေသွင်းနိုင်သော အလားအလာရှိသော မိုးကောင်းသောက်ဒေသများတွင် စိုက်ပျိုးရေးသွင်းရေ ဆည်မြောင်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းက မိုးရေ လုံလောက်စွာမရရှိခြင်း၊ မိုးခေါင်ခြင်းတို့မှ ကာကွယ်နိုင်ခြင်း၊ ထိုမှတဆင့် ထုတ်လုပ်မှု စွန့်စားရမှုများကို လျော့ချ နိုင်ပြီး သီးနှံအထွက်နှုန်း တိုးလာကာ နွေရာသီ သီးနှံစိုက်ပျိုးမှုကို တိုးချဲ့နိုင်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေ ကောင်းစွာရရှိမည့် အကျိုးကျေးဇူးရရှိစေပြီး တန်ဖိုးမြင့် သီးနှံအမယ်စုံ စိုက်ပျိုးထုတ်လုပ်နိုင်မည့် အလားအလာ ကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ Rosegrant et al. (၂၀၁၈) က အပူပိုင်းဒေသတွင် မိုးရာသီ သို့မဟုတ် နွေရာသီ ရေသွင်း စိုက်ပျိုးရန် အလားအလာရှိသည့် မြေဟက်တာ သန်းပေါင်းများစွာရှိကြောင်းနှင့် အများစုမှာ မြေအောက်ရေ အသုံးပြုနိုင်စိုက်ပျိုးနိုင်သည့် အလားအလာရှိကြောင်း ခန့်မှန်းဖော်ထုတ်ခဲ့ပါသည်။ တပိုင်တနိုင် မြေ အောက်ရေ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်းသည် အပူပိုင်းဒေသအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဆည်မြောင်းရေသွယ်ယူ စိုက်ပျိုးသည့်လုပ်ငန်း များထက် ပိုမိုအကျိုးရှိထိရောက်စွာ လုပ်ကိုဆောင်ရွက်နိုင်သောကြောင့်ဖြစ်ပါသည်။

တတိယအနေဖြင့် တန်ဖိုးနည်း ကောက်ပဲသီးနှံထုတ်လုပ်မှုမှ တန်ဖိုးမြင့် ဟင်းသီးဟင်းရွက်၊ အမြစ်/ဥစားသီးနှံ၊ သစ်သီးများ၊ တိရိစ္ဆာန်များ သို့မဟုတ် ငါးများ မွေးမြူထုတ်လုပ်ခြင်းစသည့်ဖြင့် အမယ်စုံထုတ်လုပ်နိုင်သည့် အလား အလာသည် ဒေသရာသီဥတု အခြေအနေနှင့်သင့်တော်မှု၊ ဈေးကွက်အနေအထားကွဲပြားမှု၊ ပိုးမွှားရောဂါကျရောက်မှု၊ အရင်းအနှီး ရရှိနိုင်မှု၊ စွန့်စားရမှုအပေါ် တောင်သူမိသားစုများ၏ ခံနိုင်စွမ်းတို့အပေါ် မူတည်ပါသည်။ အမျိုးအမယ် စုံထုတ်လုပ်ခြင်းအတွက် ကြိုးစားအားထုတ်မှုအားလုံး အောင်မြင်ခဲ့သည်မဟုတ်ဘဲ အခြေအနေများ ပြောင်းလဲပါက တစ်နှစ်အတွင်း သီးနှံတစ်ခု၏ ကံကြမ္မာသည် ချက်ချင်းပြောင်းပြန်ဖြစ်သွားပါသည်။ ထို့ကြောင့် တန်ဖိုးမြင့်သီးနှံ အမယ်စုံစိုက်ပျိုးထုတ်လုပ်ခြင်းသည်လည်း ကျေးလက်ဝင်ငွေတိုးတက်ရေးအတွက် ပြဿနာမှန်သမျှကို ပြေလည် စေနိုင်သော နည်းလမ်းအရာရာကို ကုစားပေးနိုင်သော နတ်ဆေးအနေအထားမျိုးလည်း မဖြစ်နိုင်ပေ။

သို့သော်လည်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု (ပဲတင်ပို့မှုကို လွတ်လပ်စွာ ခွင့်ပြုလိုက်ပြီး သီးနှံစိုက်ပျိုးမှု ကန့်သတ်ချက်များကို ဖြေလျှော့လိုက်သောကြောင့် ပဲမျိုးစုံကို ၁၉၉၀ တွင် နိုင်ငံအဝှမ်း စိုက်ပျိုးခဲ့ကြပါသည်)၊ စပ်မျိုး ပြောင်း၊ ရှမ်းပြည်နယ်တွင် စပ်မျိုးစပါး။ မွန်ပြည်နယ်တွင် ရော်ဘာ၊ အပူပိုင်းဒေသတွင် ဖရဲ၊ မြစ်ဝကျွန်းပေါ်ဒေသ ရန်ကုန်မြို့အနီးတဝိုက်တွင် ကြက်နှင့်ငါးမွေးမြူထုတ်လုပ်ခြင်း စသည့် ဥပမာများတို့က အချို့တောင်သူများသည် စွန့်စားရမှုကို ကျော်လွှားနိုင်သည့် စီးပွားရေး အခွင့်အလမ်းများကို နားလည် သတိပြုမိလာသောအခါ ရုတ်တရက် စိုက်ပျိုးထုတ်လုပ်မှုကို ရုတ်တရက် ပြောင်းလဲကာ ရင်းနှီးမြှုပ်နှံမှုကို များပြားစွာလုပ်နိုင်သည့် စွမ်းရည်ရှိကြောင်းကို သက်သေပြနေသည်။ ၎င်းအခွင့်အလမ်းအသစ်များသည် မည်သည့်အချိန်၊ မည်သည့် နေရာတွင် ရရှိလာမည်ကို

ခန့်မှန်းရန် ခက်ခဲသော်လည်း ထိုရရှိလာနိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို သတိပြုမိရန်နှင့် ချေးငွေများ ပံ့ပိုးခြင်း၊ သတင်းအချက်အလက်များ သို့မဟုတ် သင်တန်းများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပေး၍သော်လည်းကောင်း၊ ကုန်သွယ်မှုကို ပံ့ပိုးရန် စသည်ဖြင့် တက်ကြွစွာ အထောက်အပံ့ပြု နိုင်ရန် ရည်ရွယ်ချက်ထားကာ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်နှင့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများကို ချမှတ်ရမည် ဖြစ်ပါသည်။

အရေးကြီးသည်မှာ ကျေးလက်ဝင်ငွေရရှိနိုင်မည့် အလားအလာများသည် အမျိုးမျိုးကွဲပြားနေသည်ကို ကျွန်ုပ်တို့ တွေ့ရှိပါသည်။ စိုက်ပျိုးရေးသည် ကျေးလက်တွင် လွှမ်းမိုးလျက်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခု ဖြစ်သည်ဟူသော ယူဆချက်အပေါ် အခြေခံပြီး မျှော်လင့်ထားသည်ထက် မြေယာပိုင်ဆိုင်မှုနှင့် ဝင်ငွေ ဆက်နွယ်မှု အားနည်းသော်လည်း စစ်တမ်းပြုလုပ်ခဲ့သော ဒေသအားလုံးတွင် မြေယာပိုင်ဆိုင်မှုနှင့် ဝင်ငွေမှာ တိုက်ရိုက် အပြု သဘောဆက်စပ်မှု ရှိပါသည်။ စိုက်ပျိုးမြေများသည် ရွှေ့ပြောင်းမရသော ဈေးကြီးသည့် အရင်းအမြစ်တစ်ခု အဖြစ်ယူဆလျှက် စစ်တမ်းကောက်ယူသည့် ဒေသအားလုံးတွင် မြေယာပိုင်ဆိုင်မှုကို အလွန်အလေးထားကြ သော်လည်း ဝင်ငွေတိုးတက်မှု၊ စီးပွားရေးနှင့် လူမှုအဆင့်အတန်းတိုးတက်မှုများသည် တခါတရံ စိုက်ပျိုးရေးနှင့် ဆက်စပ်နေသော လုပ်ငန်းများအပေါ် မူတည်နေပါသည်။ အဆိုပါလုပ်ငန်းများတွင် စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်မှု ဆိုင်ရာဝန်ဆောင်မှုများ၊ သီးနှံရောင်းဝယ်ဖောက်ကားခြင်း၊ စိုက်ပျိုးရေး ထွက်ကုန်များ ကုန်ချောပြုပြင်ထုတ်လုပ်ခြင်း၊ အစားအသောက် ဝန်ဆောင်မှုနှင့် လက်လီရောင်းချမှုများကဲ့သို့ စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသော လုပ်ငန်းများစွာ ပါဝင်ပါသည်။ သို့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဈေးဆိုင်ရောင်းခြင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ စိုက်ပျိုးရေးနှင့် မဆက်စပ်သော လုပ်ငန်းများကိုလည်း ကျေးလက် ဒေသများတွင် များတွင်တွေ့မြင်လာရပါသည်။ ထို့အတူ အခြားဒေသများမှ လွှဲပို့ငွေများသည်လည်း ကျေးလက်ဝင်ငွေ များအတွက် အရေးကြီးသော ပံ့ပိုးကူညီမှုများ ဖြစ်ပါသည်။

ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ခြင်းကြောင့် ပြည်တွင်းလုပ်သားအင်အားရရှိမှု လျော့နည်းလာကာ လုပ်အားခ ဈေးနှုန်းများ မြင့်တက်လာခြင်းဖြင့် ကျေးလက်ဝင်ငွေကို အဆုံးအဖြတ်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်အားကို အဓိကကုန်ကျစရိတ်အဖြစ် ကိုယ်စားပြုသော လယ်ယာ အိမ်ထောင် စုများ၏ သက်သာချောင်ချိရေးနှင့် ဝင်ငွေအတွက် လုပ်အားခအပေါ် အချိုးမညီမျှစွာ မှီခိုနေရသော မြေယာမဲ့များနှင့် မြေယာချို့တဲ့သော အိမ်ထောင်စုများအတွက် အရေးကြီးသော သက်ရောက်မှုကြောင်း ကောက်ချက်ချ နိုင်ပါသည်။ သို့သော်လည်း COVID- 19 ကပ်ရောဂါက ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းဖြင့် ကျေးလက် ဝင်ငွေတိုးတက် ရေးဗျူဟာမှာလည်း ရုတ်တရက် ပေါ်ပေါက်လာတတ်သည့် ဘေးအန္တရာယ်များကြောင့် ပိုမိုထိခိုက်လွယ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်ပါသည် (Suhardiman et al. ၂၀၂၁)။ အလယ်တန်းပညာကို လက်လှမ်းမီမှုများ တိုးတက်လာ ခြင်းသည်လည်း ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းနည်းတူ ကျေးလက်လုပ်သား အင်အားပံ့ပိုးမှုအား ကျပ် တည်းမှုကို ဖြစ်ပေါ်စေသော်လည်း ရေရှည်တွင် ကျောင်းနေခြင်းအားဖြင့် တစ်သက်တာ အကျိုးမြတ်များစွာ ရရှိလာ မည့် အလားအလာကောင်းများ ရှိစေမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မိုဘိုင်းဖုန်းဆက်သွယ်ရေးများ၊ လမ်းအခြေခံအဆောက်အအုံများ၊ ကျေးလက် လျှပ်စစ်မီး ရရှိရေးနှင့် စက်တပ်ယာဉ်များ တင်သွင်းခွင့် ပြုလာခြင်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများနှင့် ပြုပြင်ပြောင်းလဲရေး များကြောင့် သတင်းအချက်အလက်များကို လက်လှမ်းမီခြင်း၊ သွားလာရမှုများ တိုးတက်လာခြင်းနှင့် ခရီးသွားသည့် ကြာချိန်နှင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် တိုးတက်စေပါသည်။

ငွေလွှဲပို့ခြင်းသည် ကျေးလက် စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေပြီး အဆိုပါလုပ်ငန်းများ ပိုမိုတိုးတက်စေခြင်းဖြင့် ယခင်ကထက် ပိုမိုကျယ်ပြန့်သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးပြီး အမှန်တကယ် လုပ်အားခများ တိုးတက်လာခြင်းနှင့် ငွေလွှဲပို့ စီးဆင်းမှုတို့ အထောက်အကူပြုပါသည်။ လက်ရှိကျေးလက် အခြေခံအဆောက်အအုံများနှင့် လူထုဝန်ဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုကို ရေရှည်ဖြစ်စေရန် သေချာစေခြင်းမှာ ကျေးလက်အသွင်ပြောင်းလဲရေး ဆက်လက်ဖြစ်ထွန်းမှု သေချာစေရန်အတွက် အဓိကကျပါသည်။

လူသားအရင်းအမြစ် ပိုမိုတိုးတက်လာစေရန်အတွက် ကျောင်းဆရာ/ဆရာမများနှင့် ဆရာဝန်များ အစရှိသည့် ပညာရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ပူးတွဲဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိသည်။ ဥပမာ - လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို တွန်းအားပေးဆောင်ရွက်ခြင်း၊ လုပ်ခတိုးမြှင့်မှုနှင့် အမျိုးစုံပြီး ခိုင်မာသော စီးပွားရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ ဖြစ်ပါသည် (c.f. Okamoto, ၂၀၂၀)။ ကိုယ်ဝန်ဆောင်မိခင်များကို ငွေသား ပံ့ပိုးခြင်း၊ သက်ကြီးပင်စင်များ၊ လူထုကျန်းမာရေးစောင့်ရှောက်မှုများ ကဲ့သို့သော လူမှုဘဝလုံခြုံမှုနှင့် လူမှုကာကွယ် စောင့်ရှောက်ခြင်းများကို တိုးချဲ့ဆောင်ရွက်ခြင်းသည် အန္တရာယ်ရင်ဆိုင်ရမှုများကို အရှိန်လျော့စေရန်နှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ဆဲ ကျေးလက်အသွင်ပြောင်းလဲရေးတွင် ထိခိုက်လွယ်သောအုပ်စုများကိုလည်း မြန်မာ့ကျေးလက်ဒေသ အသွင်ကူးပြောင်းရေးတွင် နောက်ကျကျန်မနေရအောင် ကာကွယ်စောင့်ရှောက်ခြင်းများအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

# ကိုးကားချက်


Aung, Z.W., H.E. Win, Z.M. Naing, and S.T. Lin. 2019. *Off-Farm Employment in Southern Shan State*. Food Security Policy Project Research Highlight #15. February 2019. East Lansing: Michigan State University

Belton, B., A. Cho, E. Payongayong, K. Mahrt, and E. Abaidoo. 2020. *Commercial Poultry and Pig Farming in Yangon's Peri-Urban Zone*, FSP Research Paper 174. June 2020. East Lansing: Michigan State University

Belton, B. and M. Filipski. 2019. *Rural Transformation in Central Myanmar: By how much and for whom?* Journal of Rural Studies. 67:166-167

Belton, B., M. Filipski, C. Hu, A.T. Oo, and A. Htun. 2017. *Rural Transformation in Central Myanmar: Results from the Rural Economy and Agriculture Dry Zone Survey*. FSP Research Paper 64. July 2017. East Lansing: Michigan State University.

Belton, B. and M.T. Win. 2019. *The Edible Oil Milling Sector in Myanmar's Dry Zone*. FSP Research Paper 138. July 2019. East Lansing: Michigan State University.

Boughton, D., S. Makhija, M. Maredia, D. Mather, D. Megill, D.L. Ortega, E. Payongayong, L. Plataroti, D.J. Spielman, M. Thijssen, and M.T. Win. 2020. *Variety Adoption and Demand for Quality Seed in the Central Dry Zone of Myanmar*. Food Security Policy Project Research Report #179. July 2018. East Lansing: Michigan State University.

Boughton, D., S. Haggblade. and P. Dorosh. 2018. *The Challenge of Export-Led Agricultural Growth with Monopsonistic Markets: The case of Myanmar's pulse sector and trade with India*. Food Security Policy Project Research Report #105. July 2018. East Lansing: Michigan State University.

Boutry, M., C. Allaverdian, T.M. Win, and K.P. Sone. 2018. *Persistence and Change in Hakha Chin Land and Resource Tenure*. GRET, Yangon.

Boutry, M., C. Allaverdian, M. Mellac, S. Huard, U.S. Thein, T.M. Win, and K.P. Sone, K.P. 2017. *Land tenure in rural lowland Myanmar: from historical perspectives to contemporary realities in the Dry Zone and the Delta*. GRET, Yangon.

CESD, IFPRI, and MSU (Center for Economic and Social Development, International Food Policy Research Institute, and Michigan State University). 2016. *Rural Livelihoods in Mon State: Evidence from a Representative Household Survey*. Food Security Policy Project Research Report #7. August 2016. East Lansing: Michigan State University.

CHIME (Capitalising Human Mobility for Poverty Alleviation and Inclusive Development for Myanmar). 2018. *Agriculture and Migration*. CHIME Project Brief. Capitalizing Human Mobility for Poverty Alleviation and Inclusive Development in Myanmar.

Cho, A., B. Belton, and D. Boughton. 2017. *Crop Production and Profitability in Ayeyarwady and Yangon*. FSP Research Paper 66. August 2017. East Lansing: Michigan State University.

Cho, A. and B. Belton. 2019. *Growth and Transformation in Off- Farm Segments of the Maize Value Chain in Shan State*. FSP Research Paper 156. December 2019. East Lansing: Michigan State University.

Fang, P. and B. Belton. 2020. *Maize Production, Farm Size, and Tied Credit in Southern Shan State, Myanmar*. IFPRI Discussion Paper 01961. Washington D.C.: International Food Policy Research Institute.

Filipski, M. and B. Belton. 2018. "Give a Man a Fishpond: Modelling the impacts of aquaculture in the rural economy." *World Development*. 110:205-223

Hein, A., I. Lambrecht, K. Lwin, and B. Belton. 2017 *Agricultural Land in Myanmar's Dry Zone*. Food Security Policy Project Research Highlight #8. December 2017. East Lansing: Michigan State University

Htoo, K. and M. Zu. 2016. *Rural-Urban Migration Around Yangon City, Myanmar*. Food Security Policy Project Research Highlight #5. December 2016. East Lansing: Michigan State University

Htun, A. 2016. *Off-Farm Employment and the Transforming Rural Non-Farm Economy Around Yangon*. Food Security Policy Project Research Highlight #4. October 2016. East Lansing: Michigan State University

Kubo, K. 2018. "Myanmar's fresh fruit export to China via cross-border trade." In: Kubo, K. and Sakata, S (eds.) *Impact of China's Increasing Demand for Agro Produce on Agricultural Production in the Mekong Region*. BRC Research Report Bangkok Research Center, JETRO Bangkok/IDE-JETRO.

Lambrecht, I. and B. Belton. 2019. *Rural Transformation in Southern Shan State: Results from the community component of the Shan agriculture and rural economy survey*. FSP Research Paper 121. February 2019. East Lansing: Michigan State University.

Lintner, B. 1994. *Burma in Revolt: Opium and Insurgency since 1948*. Chiang Mai: Silkworm Books.

Lowder, S.K., J. Skoet, and T. Raney. 2016. "The Number, Size, and Distribution of Farms, Smallholder Farms, and Family Farms Worldwide." *World Development*. 87:16-29

Liu, Y., C.B. Barrett, T. Pham, and W. Violette. 2020. "The intertemporal evolution of agriculture and labour over a rapid structural transformation: Lessons from Vietnam." *Food Policy* 94, 101913

Maredia, M. and B. Reyes. 2016. *Varietal Release and Adoption Data for South, Southeast, and East Asia*: SIAC Project (2013-2016). Rome: Independent Science and Partnership Council. Available at: https://ispc.cgiar.org/sites/default/files/docs/Guidelines-SIAC21-Activity_v7-4-25-14.pdf.

Mark, S. and B. Belton. 2020. “Breaking with the Past? The Politics of Land Restitution and the Limits to Restitutive Justice in Myanmar.” *Land Use Policy*. 94: 104503

Mather, D., N. Aung, A. Cho, Z.M. Naing, D. Boughton, B. Belton, K. Htoo, and E. Payongayong. 2018. *Crop Production and Profitability in Myanmar’s Dry Zone*. FSP Research Paper 102. July 2018. East Lansing: Michigan State University.

Okamoto, I. 2020. Myanmar’s Rural Economy at a Crossroads. In: Chambers, J., Galloway, C.K., Liljeblad, J. (eds.) *Living with Myanmar*. ISEAS-Yusof Ishak Institute, Singapore.

Okamoto, I. 2008. *Economic Disparity in Rural Myanmar: Transformation under Market Liberalization*. National University of Singapore Press, Singapore.

Oo, A.T. 2018. *Community Perceptions of the Impacts of Climate Change on Agriculture in Myanmar’s Central Dry Zone*. Food Security Policy Project Research Highlight #13. January 2018. East Lansing: Michigan State University.

Pritchard, B., M. Vicol, A. Rammohan, and E. Welch. 2019. “Studying home gardens as if people mattered: Why don’t food-insecure households in rural Myanmar cultivate home gardens?” *Journal of Peasant Studies* 46, 1047–1067.

Rigg, J., A. Salamanca, and E.C. Thompson. 2016. “The puzzle of East and Southeast Asia’s persistent smallholder.” *Journal of Rural Studies* 43, 118–33.

Rosegrant, M.W., H. Xie, and R. Valmonte-Santos. 2018. *Irrigation Investment in Myanmar: Potential for expansion*. Project Policy Note, May 2018. Washington D.C.: International Food Policy Research Institute.

South, A. 2009. *Ethnic Politics in Burma: States of Conflict*. Routledge, London

Suhardiman, D., Rigg, J., Bandur, M., Marschke, M., Miller, M.A., Pheuangsavanh, N., Sayatham, M., Taylor, D., 2021. On the Coattails of globalization: migration, migrants and COVID-19 in Asia. *Journal of Ethnic and Migration Studies* 47, 88–109.

Tezzo, X., B. Belton, G. Johnstone, and M. Callow. 2018. “Myanmar’s Fisheries in Transition: Current status and opportunities for policy reform.” *Marine Policy*. 97:91-100

Thein, S., H. Moe, J.C. Diepart, and C. Allaverdian. 2018. *Large-Scale Land Acquisitions for Agricultural Development in Myanmar: A Review of Past and Current Processes*. MRLG Thematic Study Series #9. MRLG, Vientiane.

UNHCR (United Nations High Commissioner for Refugees). 2014. *Mon State Profile*. UNHCR South-east Asia Information Management Unit.

USDA (United States Department of Agriculture). 2020. *Burma: Grain and Feed Annual 2020*. Washington, D.C. U.S. Department of Agriculture, Foreign Agriculture Service.

van Asselt, J. K. Htoo, and P. Dorosh. 2016. *Prospects for the Myanmar Rubber Sector: An analysis of the viability of smallholder production in Mon State*. FSP Research Paper 35. November 2016. East Lansing: Michigan State University.

Vicol, M. and B. Pritchard. 2020. “Rethinking rural development in Myanmar’s Ayeyarwady Delta through a historical food regimes frame.” *Singapore Journal of Tropical Geography* sjtg.12315. https://doi.org/10.1111/sjtg.12315

Vicol, M., B. Pritchard, Y.Y. Htay. 2018. “Rethinking the role of agriculture as a driver of social and economic transformation in Southeast Asia’s upland regions: The view from Chin State, Myanmar.” *Land Use Policy* 72, 451–460.

Win, M.T., B. Belton, and X. Zhang. 2018. “Myanmar’s Rural Revolution: Mechanization and structural transformation.” In: Chambers, J., G. McCarthy, N. Farrelly, and C. Win. (eds.) *Myanmar Transformed? People, Places and Politics*. Singapore: Institute of Southeast Asian Studies. pp. 109-136.

Win, K.Z. and M. Zu. 2019. *Agricultural Land in Southern Shan State*. Food Security Policy Project Research Highlight #17. February 2019. East Lansing: Michigan State University

Wai, K.S. 2019. “Maize could be next big agricultural export for Myanmar.” *Myanmar Times*. 20 December 2019. https://www.mmtimes.com/news/maize-could-be-next-big-agriculture-export-myanmar.html

Woods, K. 2011. “Ceasefire capitalism: military–private partnerships, resource concessions and military–state building in the Burma–China borderlands.” *Journal of Peasant Studies* 38, 747–770.

World Bank. 2016. *Myanmar: Analysis of Farm Production Economics*. World Bank, Washington D.C.

World Bank and LIFT. 2016. *A Country on the Move: Domestic migration in two regions of Myanmar. A Qualitative Social and Economic Monitoring (QSEM) thematic study*. Yangon: Livelihoods and Food Security Trust Fund

Zu, A.M., H.H. Khine, K.Z. Win, and S. Kyaw. 2017. *Rural Off-Farm Incomes in Myanmar’s Dry Zone*. Food Security Policy Project Research Highlight #10. December 2017. East Lansing: Michigan State University.

## စာရေးသူများအကြောင်း

**Ben Belton** သည် အမေရိကန်နိုင်ငံ Michigan State University (MSU)ရှိ စိုက်ပျိုးရေး၊ အစားအသောက်နှင့် အရင်းအမြစ်ဘောဂဗေဒဌာနမှ နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်ပြီး မလေးရှားနိုင်ငံရှိ WorldFish ၏ Senior Scientist ဖြစ်ပါသည်။ **အေမီချို** သည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အခြေစိုက်သည့် နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့အစည်း (IFPRI) ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် အုပ်ချုပ်မှုဌာန (DSGD) ၏ သုတေသီတစ်ဦး ဖြစ်ပါသည်။ **Mateusz Filipski** သည် အမေရိကန်နိုင်ငံရှိ University of Georgia မှ စိုက်ပျိုးရေးနှင့် အသုံးချဘောဂဗေဒဌာနမှ လက်ထောက်ပါမောက္ခတစ်ဦး ဖြစ်ပါသည်။ **Joseph Goeb** သည် ရန်ကုန်မြို့တွင် အခြေစိုက်သော Michigan State University (MSU)ရှိ စိုက်ပျိုးရေး၊ အစားအသောက်နှင့် အရင်းအမြစ် ဘောဂဗေဒဌာန၏ Research Associate တစ်ဦးဖြစ်ပါသည်။ **Isabel Lambrecht** သည် ရန်ကုန်မြို့တွင် အခြေစိုက်သော Michigan State University (MSU) ရှိ စိုက်ပျိုးရေး၊ အစားအသောက်နှင့် အရင်းအမြစ်ဘောဂဗေဒဌာန၏ Research Fellow တစ်ဦးဖြစ်ပါသည်။ **David Mather** သည် အမေရိကန်နိုင်ငံ၊ ဗာဂျီးနီးယားတွင် အခြေစိုက်သော စိုက်ပျိုးရေးနှင့် အသုံးချဘောဂဗေဒဌာနမှ လက်ထောက်ပါမောက္ခတစ်ဦးဖြစ်ပါသည်။ **မြတ်သီတာဝင်း** သည် Michigan State Universityရှိ စိုက်ပျိုးရေးနှင့် အသုံးချဘောဂဗေဒဌာနတွင် ပါရဂူဘွဲ့လွန်တက်ရောက်နေသော ကျောင်းသူတစ်ဦး ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

ဤလုပ်ငန်းကို Michigan State Universityနှင့် ပူးပေါင်းပြီး နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ဦးဆောင်ကာ မြန်မာ့စိုက်ပျိုးရေးမူဝါဒဆိုင်ရာ အထောက်အကူပြုအစီအစဥ် (MAPSA) ၏အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနလေ့လာမှုအတွက် CGIAR Research Program on Policies, Institutions, and Markets နှင့် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID)နှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) တို့က ငွေကြေးပံ့ပိုးပေးပါသည်။ ဤစာတမ်းသည် IFPRI၏ စံသတ်မှတ်ထားသော အချင်းချင်းသုံးသပ်သော လုပ်ငန်းစဉ်အရ သွားခြင်းမဟုတ်ပါ။ ဤစာတမ်းတွင် ဖော်ပြထားသော အရေးအသားအမြင်များသည် စာရေးသူများနှင့်သာ သက်ဆိုင်ပြီး IFPRI, MSU, USAID, LIFT, သို့မဟုတ် CGIAR တို့၏ အမြင်များကို ကိုယ်စားမပြုပါ။

**INTERNATIONAL FOOD POLICY RESEARCH INSTITUTE**

1201 Eye St, NW | Washington, DC 20005 USA
T. +1-202-862-5600 | F. +1-202-862-5606
ifpri@cgiar.org
www.ifpri.org | www.ifpri.info

**IFPRI-MYANMAR**

No. 99-E6 U Aung Kein Lane
Than Lwin Road, Bahan Township
Yangon, Myanmar
IFPRI-Myanmar@cgiar.org
www.myanmar.ifpri.info

The Myanmar Strategy Support Program (Myanmar SSP) is led by the International Food Policy Research Institute (IFPRI) in partnership with Michigan State University (MSU). Funding support for Myanmar SSP is provided by the CGIAR Research Program on Policies, Institutions, and Markets; the Livelihoods and Food Security Fund (LIFT); and the United States Agency for International Development (USAID). This publication has been prepared as an output of Myanmar SSP. It has not been independently peer reviewed. Any opinions expressed here belong to the author(s) and do not necessarily reflect those of IFPRI, MSU, LIFT, USAID, or CGIAR.

© 2021, Copyright remains with the author(s). This publication is licensed for use under a Creative Commons Attribution 4.0 International License (CC BY 4.0). To view this license, visit https://creativecommons.org/licenses/by/4.0.

**IFPRI is a CGIAR Research Center | A world free of hunger and malnutrition**